# ဆုတောင်းခြင်း–အသက်တာလမ်းစဉ်

## မာတိကာ


| | |
|---|---|
| **သင်ခန်းစာ(၁)** | ဆုတောင်းခြင်း–ဘုရားသခင်နှင့် အဆက်အသွယ်ပြုခြင်း |
| **သင်ခန်းစာ(၂)** | ဘုရားသခင်ထံမှ နားစွင့်ခြင်းနှင့် သူနှင့်အတူ စကားပြောခြင်း |
| **သင်ခန်းစာ(၃)** | ပဋ္ဌာနာတော်ဆုတောင်းခြင်း |
| **သင်ခန်းစာ(၄)** | သမ္မာကျမ်းစာအရ ဆုတောင်းခြင်း |
| **သင်ခန်းစာ(၅)** | အစာရှောင်ခြင်း |
| **သင်ခန်းစာ(၆)** | ဝိညာဉ်ဖြင့် ဆုတောင်းခြင်း |

**သင်ခန်းစာ(၁)**

## ဆုတောင်းခြင်း
## ဘုရားသခင်နှင့်အဆက်အသွယ်ပြုခြင်း

ဆုတောင်းခြင်းသည် ယုံကြည်သူအား သူနှင့်ဆက်သွယ်ရန် ဘုရားသခင်ပေးထားသည့် နည်းလမ်းဖြစ်သည်။ ယုံကြည်သူသည် သူနှင့်ဆက်ဆံရေးကို ထိန်းသိမ်းခြင်းအားဖြင့် ဘုရားသခင်နှင့်ဆက်သွယ်ခြင်းဖြစ်သည်။ ဤကဲ့သို့ ဆက်ဆံခြင်း၏ အကျိုးရလဒ်မှာ ယုံကြည်သူသည် ဘုရားသခင်၏ အလိုတော်ကို သိနိုင်သည်။ ယုံကြည်သူသည် ဘုရားသခင်၏နိုင်ငံတော်အား တိုးတက်စေခြင်းငှါ ဘုရားသခင်၏ အလိုတော်ကို နာခံခြင်းဖြင့်ဖြစ်သည်။ ယုံကြည်သူအတွက် ဆုတောင်းခြင်းသည် အသက်တာလမ်းစဉ်ဖြစ်လာသည်။

### ၁။ ဆုတောင်းခြင်း-ဘုရားသခင်နှင့်ဆက်ဆံခြင်း

ဘုရားသခင်နှင့်ဆက်ဆံခြင်းသည် ဘုရားသခင်နှင့်အတူ အချိန်အသုံးပြုခြင်းအားဖြင့် ဖြစ်လာသည်။

### (က) ဓမ္မဟောင်းကျမ်းမှ ဥပမာများ

အာဗြဟံ ၊ မောရှေ ၊ ဒါဝိတ်တို့သည် ဘုရားသခင်ထံ ချဉ်းကပ်နိုင်ခြင်းသည် ဘုရားသခင်နှင့် ရင်းနှီးမှုရှိသောကြောင့်ဖြစ်သည်။ သူတို့သည် ဘု ရားသခင်နှင့်အတူ အချိန်ပေးရင်း ထုတ်ဖော်ပြသခဲ့သော ဘုရားသခင်၏ ကြင်အင်လက္ခဏာများနှင့်အညီ ကိုယ်တော်ထံ အသနားခံခဲ့ကြသည်။ သူတို့၏ အသနားခံခြင်းနှင့် ဆုတောင်းချက်များသည် သူတို့သိထားသော ဘုရားသခင်အကြောင်းအရာ၌ အခြေခံပြီး ၊ ဘုရားသခင်ကိုယ်တိုင်က ထိုသူတို့အား သူ့ကိုသူ ထုတ်ဖော်ပြသသည့် သူ၏သဘောသဘာဝဖြစ်သည်။

**မေးခွန်း၁)** ဤဓမ္မဟောင်းကျမ်းတွင် ဆုတောင်းခြင်း၏ ပုံနမူနာများကို ပုံဆောင်သည့်အရာသုံးခုကို အမည်ပေးပါ။

အာဗြဟံသည် သူ၏ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်သောသူအဖြစ် မှတ်ယူခြင်းခံရသည်။ သူသည် ဘုရားသခင်ကို သစ္စာရှိသော ဘုရားသခင်အဖြစ် သိရှိထားသည်။ သူသည် သောဒုံမြို့အတွက် တောင်းပန်သောအခါ ဘုရားသခင်အား ဤသို့ပြောခဲ့သည်။ "ကိုယ်တော်သည် ဖြောင့်မတ်သောသူတို့ကို ၊ မတရားသော သူတို့နှင့်အတူ ပျက်ဆီးတော်မူမည်လော"။ (ကမ္ဘာ ၁၈း၂၃)။

ဘုရားသခင်၏ စိတ်နှလုံးသည် ဖြောင့်မတ်သောသူကို ကယ်တင်လိုစိတ်ရှိသည့်အကြောင်းကို အာဗြဟံသိသောကြောင့် ဘုရားသခင်ထံ အသနားခံခဲ့သည် (ငယ် ၂၃-၃၂)။ ငယ် ၂၅- "ထိုသို့ပြု၍ ဖြောင့်မတ်သော သူတို့ကို မတရားသောသူတို့နှင့်တကွ ကွပ်မျက်ခြင်းအမှုသည် ကိုယ်တော်နှင့်ဝေးပါစေသတည်း။ ဖြောင့်မတ်သောသူတို့ကို မတရားသောသူတို့ကဲ့သို့ ခံစေသောအမှုသည် ကိုယ်တော်နှင့်ဝေးပါစေသတည်း။ မြေကြီးကို စီရင်သောသခင်သည်၊ တရားသဖြင့် ပြုတော်မူမည်မဟုတ်လောဟု လျှောက်ဆို၏"။

**မေးခွန်း၂)** သူ၏ဆုတောင်းခြင်းတွင် သူ့ကိုရဲရင့်စေသော ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အာဗြဟံသည် မည်သည့်အရာသိခဲ့သနည်း။

မောရှေသည် အခြေအနေတိုင်းတွင် ဘုရားသခင်ထံတော်ပါး၌ မှီခိုအားထားရန် သင်ယူခဲ့သည်။ ဣသရေလ အမျိုးသားတို့က မောရှေသည် ဘုရားသခင်နှင့်အထူးဆက်ဆံရေးရှိကြောင်း အသိအမှတ်ပြုကြသည်။

ဘုရားသခင်နှင့်စကားပြောခြင်း၄) သူသည် ပရိတ်သတ်စည်းဝေးရာ တဲတော်သို့သွားစဉ် သူ့ကိုကြည့်နေကြသည်။ (ထွက် ၃၃း၈)

မောရှေသည် ဘုရားသခင်အား သူတို့နှင့်အတူလိုက်ရန် ပန်ကြားသောအခါ ၊ မောရှေက "အကျွန်ုပ်နှင့် ကိုယ်တော်၏လူတို့သည် ရှေ့တော်၌ မျက်နှာရသောအကြောင်းသည် အဘယ်သို့ ထင်ရှားပါမည်နည်း။ အကျွန်ုပ်တို့နှင့် ကြွသွားတော်မူသောအားဖြင့်သာ ထင်ရှားပါမည်မဟုတ်လော" (ထွက် ၃၃း၁၆)။ မောရှေသည် အာဗြဟံ ၊ ဣဇက်နှင့် ဣသရေလတို့အား ဘုရားသခင်၏ ပဋိညာဉ်ကတိတော်များအကြောင်းကို ဘုရားသခင်အား ရဲရင့်စွာ သတိပေးခဲ့သည် (ထွက် ၃၂း၁၃)။ထို့နောက် ဘုရားသခင်၏ ဂုဏ်သရေအကြောင်းပြောခဲ့သည်။ (ငယ် ၁၂)။

**မေးခွန်း၃)** ဆုတောင်းခြင်းတွင် မောရှေသည် ဘုရားသခင်ကို မည်သည့်အရာ သတိပေးခဲ့သနည်း။

ဒါဝိတ်သည် ဘုရားသခင်နှင့်အတူ အချိန်များစွာ အသုံးပြုခဲ့ပြီး ၊ သူ၏လမ်းစဉ်ကို သင်ယူရန် ၊ သူ့ကို လုံးလုံးလျားလျား ယုံကြည်ရန်သင်ယူကာ ၊ သူ့ကို ကြောက်ရွံ့ရိုသေစွာဖြင့် အသက်ရှင်ခဲ့သည်။ ဆာလံကျမ်းအများစုသည် ဘုရားသခင်မှ ကယ်တင်ရန် သို့မဟုတ် ကယ်လွတ်ရန် ဘုရားသခင်၏ သဘောသဘာဝကို ဒါဝိတ် တောင်းဆိုခဲ့သော ပန်ကြားချက်များဖြစ်သည်။

ဆာလံ ၅၆း၃-၄ "အကျွန်ုပ်သည် ကြောက်ရွံ့သောအခါ ကိုယ်တော်၌ ခိုလှုံပါမည်။ ဘုရားသခင်ကို အမှီပြု၍ နှုတ်ကပတ်တော်၌ ဝါကြွားပါမည်။ ငါသည် ဘုရားသခင်ကို ခိုလှုံသည်ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ ပြုနိုင်သနည်း"။

**မေးခွန်း၄)** ဆာလံ ၅၆း၃-၄ အရ ဘုရားသခင်သည် မည်သူဖြစ်သည်ကို သိရှိခြင်းဖြင့် ဆုတောင်းကာ အဘယ်အရာက ကျွန်ုပ်တို့ကို အနိုင်ယူနိုင်သနည်း။

(ခ) ယေရှုသည် ဆုတောင်းခြင်းအကြောင်းကို သွန်သင်ပေးခဲ့သည်။

(i) ဥပမာ -ဘုရားသခင်နှင့် ဆက်ဆံခြင်း၏အရေးကြီးပုံကို ယေရှုသိခဲ့သည်။ တပည့်တော်များသည် ကိုယ်တော်နှင့်အတူ အချိန် အသုံးပြုစဉ်တွင် ၊ ဘုရားသခင်သည် သူ၏သဘောသဘာဝကို ယေရှုအားဖြင့် ထုတ်ဖော်ပြသခဲ့သည်။

ယော ၁၄း၉- "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏"

ယော ၁၀း၃၀ " ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်"

ယေရှုသည် သူ၏နောက်လိုက်များအား မည်သူ့အား ဆုတောင်းရမည်။ မည်သည့်အချိန်တွင် ဆုတောင်းရမည်။ မည်သို့ဆုတောင်းရမည်နှင့်အဘယ်ကြောင့် ဆုတောင်းသင့်သည်ကို ပုံသက်သေဖြင့် သွန်သင်ပေးခဲ့သည်။

**မေးခွန်း၅** **က)** ယေရှုသည် ဆုတောင်းသည့်အခါ မည်သူထံစကားပြောသနည်း။ လုကာ ၁၁း၂

**ခ )** မည်သည့်အချိန်၌ ဆုတောင်းသနည်း ။ မာကု ၁း၃၅ ၊ လုကာ ၆း၁၂

**ဂ )** ယုံကြည်သူများအား ဆုတောင်းရန် ယေရှုသည် မည်သို့ သွန်သင်သနည်း။ မဿဲ ၆း၉

**ဃ)** ယေရှုသည် (ဂေသရေမန်ဥယျာဉ်)တွင် တပည့်တော်များအား ဆုတောင်းရန် အဘယ်ကြောင့် တိုက်တွန်းသနည်း။ လုကာ ၂၂း၄၀၊ ၄၆

ဆုတောင်းမှုနည်းသော အသက်တာသည် ဘုရားသခင်၏ လမ်းညွှန်မှုမရှိဘဲ စုံစမ်းသွေးဆောင်ခြင်းနှင့် အပြစ်များဆီသို့ ဦးတည်သွားကြောင်း တပည့်တော်များအား သွန်သင်ပေးခဲ့သည်။
ယာကုတ် ၄း၂-၃တွင်လည်း ယုံကြည်သူများအား သတိပေးသည်မှာ "သင်တို့သည် တပ်မက်၍မရကြ။ လူအသက်ကိုသတ်၍၄င်း ၊ အလွန်လိုချင်သော လောဘစိတ်ရှိ၍၄င်း ၊ အလိုမပြည့်စုံနိုင်ကြ။ ရန်တွေ့ ခြင်း ၊ စစ်တိုက်ခြင်းကိုလည်းပြု၍မရကြ။ အကြောင်းမူကား ဆုမတောင်းဘဲ နေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာဘို့ရှိစေခြင်းငှါ ၊ အလွဲတောင်းသောကြောင့် မရကြ"။

(ii) ပုံဥပမာဖြင့်-ယေရှုသည် ဇွဲလုံ့လကို သွန်သင်ပေးသည်။
လုကာ ၁၈း၁ - " လူတို့သည် အားမလျော့ဘဲ ကြိုးစား၍ ဆုတောင်းရမည့်အကြောင်းကို ဥပမာစကားအားဖြင့် မိန့်တော်မူသည်ကား"။ ယုံကြည်သူသည် ဆက်လက်၍ ဆုတောင်းခြင်း၌ ရှန်းကန်နေရသည်နှင့်အမျှ ၊ ဘုရားသခင်သည် တစ်စုံတစ်ရာကို မွေးဖွားပေးသည်။

(ဂ) "ယေရှုသည် ယုံကြည်သူများအား သွန်သင်ပေးခဲ့သည်။
(i) ယုံကြည်ခြင်းဖြင့် ဆုတောင်းရန် - အဖြေများကို မျှော်လင့်ခြင်း။
လုကာ ၁၈း၈ "ငါဆိုသည်ကား ၊ သူတို့ဘက်၌ အလျှင်အမြန် တရားစီရင်တော်မူမည်။ သို့သော်လည်း လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာ တွေ့မည်လောဟု သခင် ဘုရားသည် မိန့်တော်မူ၏"
ယေရှုကတိပေးခဲ့သည်မှာ - "ယုံကြည်သောသူတို့၌ ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား"
(မာကု ၁၆း၁၇) ယေရှု၏မျှော်လင့်ချက်မှာ ယုံကြည်သူသည် နိမိတ်လက္ခဏာများကို ယုံကြည်၍ နာခံခြင်းဖြင့် ဆုတောင်းရမည်။
မာကု ၁၁း၂၄ "ထို့ကြောင့် ငါဆိုသည်ကား သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်"။
ယော ၁၅း၇ "သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည် တောင်းချင်သမျှကိုတောင်း၍ ရကြလိမ့်မည်"။
ယော ၁၄း၁၃-၁၄ "သင်တို့သည် ငါ၏နာမကို အမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည့်အကြောင်းတည်း။ သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည့်အတိုင်း ငါပြုမည်။"

**မေးခွန်း၆)** ဆုတောင်းခြင်းတွင် သင်တောင်းသောအရာကို မည်သို့လက်ခံရမည်ကို အထက်ပါ အခန်းငယ်များမှ အခြေအနေ(၃)ခုကို အမည်ပေးပါ။
(i) အခွင့်အာဏာဖြင့် ဆုတောင်းရန် ။ ကျွန်ုပ်တို့သည် ခရစ်တော်ပေးထားသော အခွင့်အာဏာကို သိရှိရန်နှင့် ဤအခွင့်အာဏာ၏ အာမခံချက်ဖြင့် ဆုတောင်းရန်ဖြစ်သည်။
လုကာ ၁၀း၁၉ "သင်တို့သည် မြွေ ၊ ကင်းမြီးကောက်တို့ကို နိုင်ရသောအခွင့်နှင့် ရန်သူများကို နိုင်ရသော အခွင့်တန်ခိုးကို ငါပေးမည်။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ။

(ii) ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ ရဲရင့်စွာ ချဉ်းကပ်ပါ။

သူ၏အသေခံခြင်းအားဖြင့် ယုံကြည်သူအား ဘုရားသခင်ထံ ပြန်လည်သင့်မြတ်စေခဲ့ပြီ ၊ ထို့ကြောင့် ကောင်းကင်ဘုံရှိ ခမည်းတော်ထံသို့ အခမဲ့ဝင်ရောက်ခွင့်ပေးခဲ့သည်။

ဟေဗြဲ ၁၀း၁၉ "ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ ၊ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ ဝင်ရသော အခွင့်ရှိသည်။"

ဟေဗြဲ ၁၁း၆ "ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုင်း၊ ယုံကြည်ရမည်"

၂။ ယုံကြည်သူသည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ မည်သို့ချဉ်းကပ်သနည်း။

ဘုရားသခင်ထံ ချဉ်းကပ်ပုံနှင့်ပတ်သက်၍ အလွန်ရှင်းလင်းပြတ်သားသော လမ်းညွှန်ချက်ပေးသည့် အောက်ပါ ကျမ်းချက်ကို လေ့လာကြပါစို့။

## (က) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အတူ

ဆာလံ ၁၀၀း၄ "ကျေးဇူးတော်ကို ကြီးမားပါသည်ဟု ဝန်ခံလျက် ၊ တံခါးတော်တို့ကိုင်း ၊ ဂုဏ်တော်ကို ချီးမွမ်းလျက် တန်တိုင်းတော်တို့ကို ၄င်း ဝင်ကြလော့။ ကျေးဇူးတော်ကို ချီးမွမ်း၍ နာမတော်ကို ကောင်းကြီး ပေးကြလော့။

ကောလောသဲ ၁း၁၂ " အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ငါတို့သည် ဆက်ဆံဝင်စားထိုက်မည် အကြောင်း ကျေးဇူးပြုတော်မူ၏။ မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကို နှုတ်၍ချစ်တော်မူသော သားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ် တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။

## (ခ) ဘုရားသခင်ကိုချီးမွမ်းခြင်းနှင့်ကြည်ညိုခြင်း၌

ဖေက် ၁း၄ "ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အား ဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော် မူစေသတည်း။"

ဆာလံ ၈း၁" အို အကျွန်ုပ်တို့၏ ဘုရားရှင်ထာဝရဘုရား၊ နာမတော်ကို မြေကြီးတပြင်လုံး၌ အလွန်ကြီးမြတ် တော်မူ၏။ ဘုန်းအာနုဘော်တော်သည် မိုဃ်းကောင်းကင်ပေါ်မှာ တည်လျက်ရှိပါ၏"

## (ဂ) ဝန်ခံခြင်း၌

ကျွန်တော်တို့သည် မည်ကဲ့သို့ချဉ်းကပ်မည်နည်း။

ဆာလံ ၅၁း၁-၂" အိုဘုရားသခင်ကျေးဇူးပြုချင်သော စေတနာစိတ်ရှိသည်အတိုင်း အကျွန်ုပ်ကို သနားတော် မူပါ။ စုံမက်တော်မူခြင်း ကရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ။ ဒုစရိုက် အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။" အကျွန်ုပ်တို့သည် မည်သူထံ ချဉ်းကပ်ရမည်နည်း။

ဟေဗြဲ ၃း၁ " ထိုသို့ဖြစ်လျှင် ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ခေါ်ဘိတ်တော်မူခြင်းကျေးဇူးကို ခံရသောသူ

သန့်ရှင်းသောညီအစ်ကိုတို့၊ ငါတို့ဝန်ခံသောတမန်တော်နှင့်ယဇ်ပုရောဟိတ်မင်းတည်းဟူသော ယေရှု၏ အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့။"

## (ဃ) ပန်ကြားခြင်း၌

ကျွန်တော်တို့သည် အထံတော်ပါး၌သွားသည့်အခါ စိတ်ချယုံကြည်စွာချဉ်းကပ်ရသည်။

၁ယော ၅း၁၄-၁၅ "ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား ၊ ငါတို့သည် အလိုတော်နှင့်အညီ တစုံတခုသောဆုကိုတောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်း သမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆုတို့ကိုရမည် ဟုသိရကြ၏"

ထို့နောက်သူသည် သစ္စာရှိကြောင်း သေချာစေသည်။

ဖိလိပ္ပိ ၄း၆-၇ "အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့ ၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်"

**မေးခွန်း၇)** ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ဘုရားသခင်နားညောင်းသည်ဟု ကျွန်တော်တို့၏ စိတ်နှလုံးကို မည်သည့်အရာက ကာကွယ်ပေးသနည်း။ ဖိလိပ္ပိ ၄း၆-၇

## (င) တိုက်ပွဲတွင်အခွင့်အာဏာအားဖြင့်

"ရန်သူ၏တန်ခိုးရှိသမျှကို အနိုင်ယူရန်" ယေရှုပေးထားသည့် အခွင့်အာဏာကို ကျွန်တော်တို့ လက်ခံ ရရှိပါသည်။ (လုကာ ၁၀း၁၉)။

ကျွန်တော်တို့ချဉ်းကပ်နေသောသူ၏ တန်ခိုးကို ကျွန်တော်တို့သိသည်။

၂ကော ၁၀း၄ " ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိ လက်နက်မဟုတ် ။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏"

သမ္မာကျမ်းစာ၏ အခွင့်အာဏာကို အသိအမှတ်ပြုကာ ကျွန်တော်တို့အား ကိုယ်တော်ပေးတော်မူသော လက်နက်များကို အသုံးပြုပါ။

ဖေက် ၆း၁၇-၁၈ " ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ ဓားကိုင်၍ ယူကြလော့။ ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့"။

## (စ) အခြားသူများအတွက်

"ပေါလု၏သြဝါဒစာစောင်များသည် အခြားသူများအတွက်ဆုတောင်းရန် ကျွန်ုပ်တို့အား တိုက်တွန်း ချက်များစွာကိုပေးသည်။

ဖေက် ၆း၁၈ "ထိုသို့ဆုတောင်းခြင်း၌ အားမလျှော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်း လျက် စောင့်ရှောက်ကြလော့"။

၁သက် ၁း၂ "သင်တို့အပေါင်းကို အကြောင်းပြုသဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ကာလအစဉ် ချီးမွမ်း ၍ သင်တို့အဘို့အလို့ငှါ ဆုတောင်းပဌနာပြုလျက် နေကြ၏"

၁တိ ၂း၁-၂ "လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို

ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏"

## (ဆ) ယေရှုခရစ်၏ဥပမာအားဖြင့်

တပည့်တော်တို့သည် မည်သို့ဆုတောင်းရမည်ကို သွန်သင်ပေးရန် ယေရှုကိုတောင်းဆိုခဲ့သည် (မဿဲ ၆း၉-၁၃)

## (ဇ) စဉ်ဆက်မပြတ်

၁သက် ၅း၁၇ "မခြားမလပ် ဆုတောင်းပဌနာပြုကြလော့"

ကျွန်တော်တို့၏ ဝိညာဉ်များသည် ဘုရားသခင်အတွက် အချိန်တိုင်းအသက်ရှင်နေပါသည်။ အဆက်မပြတ်ဆုတောင်းရန် ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို မှီခိုနေရပါသည်။ ကျွန်တော်တို့သည် မည်သို့ဆုတောင်းရမည် သို့မဟုတ် အဘယ်သို့ ဆုတောင်းရမည်ကို အမြဲမသိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤအချက်တွင် ကူညီမည်ဟု ကတိပြုထားသည်။

## (i) သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်

ရောမ ၈း၂၆ "ထိုမှတပါး၊ ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည့်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏"

**မေးခွန်း၈)** သန့်ရှင်းသော ဝိညာဉ်တော်၌ ဆုတောင်းခြင်း၊ ဆုတောင်းရန် သူ၏အကူအညီအပေါ် လုံးဝမှီခိုခြင်းဖြင့် ဆုတောင်းခြင်းမျိုး သင်ကြုံတွေ့ခဲ့ဖူးပါသလား။ သင်၏အတွေ့အကြုံကို မျှဝေပါ။

## ၃။ ကျွန်တော်တို့ဆုတောင်းသည့်အခါ မည်သည့်အဖြစ်အပျက်ရှိသနည်း။

## (က) လူတို့သည် ဆုတောင်းသည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်ကို လွှတ်ပေးသည်။

တမန ၄း၃၁ "ထိုသို့ ဆုတောင်းပဌနာပြုပြီးမှ ၊ စုဝေးသောအရပ်သည် တုန်လှုပ်၍ ၊ ထိုသူအပေါင်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့် ၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာ ဟောပြောကြ၏"

## (ခ) ယုံကြည်သူများ ဆုတောင်းသည့်အခါ အနာငြိမ်းစေခြင်း ရောက်လာသည်။

ယာကုတ် ၅း၁၅ "ထိုသို့ပြုလျှင် ၊ ယုံကြည်ခြင်း၏ ပဌနာသည် လူနာကိုကယ်ဆယ်၍ ၊ သခင်ဘုရားသည် သူ့ကိုထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကို လွှတ်တော်မူမည်။

တမန် ၂၈း၈ "ပုဗလိမင်း၏ အဘသည် ဖျားနာနှင့်ဝမ်းကျသွေးသွန်နာစွဲ၍ ၊ တုံးလုံးနေသည်ကို ပေါလုဝင်၍ ဆုတောင်းပြီးမှ ၊ သူ့အပေါ်၌ လက်တင်၍ အနာကို ငြိမ်းစေ၏။

## (ဂ) ဘုရားသခင်သည် ဆုတောင်းခြင်းအဖြေပေးသည့်အခါ ဝမ်းမြောက်ခြင်းရှိသည်။

ယော ၁၆း၂၄ "ယခုတိုင်အောင် ငါ၏နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။

သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့တောင်းလျှင် ရကြလိမ့်မည်။"

## (ဃ) အသင်းတော်ကြီးထွားခြင်းရှိသည်

ကနဦးတပည့်တော်များသည် မိမိကိုယ်ကို "ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပတ်တရားတော်ကို ဟောခြင်း အမှု" တွင် ပေးအပ်ကြသည် (တမန် ၆း၄)။ ထိုသို့ "ဘုရားသခင်၏ သာသနာတော်သည် တိုးပွားသဖြင့် ယေရှုရှလင်မြို့၌ တပည့်တော်တို့သည် အလွန်ပွားများ၍ ၊ ယဇ်ပရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်း တရားကို နားထောင်ကြ၏ " (တမန် ၆း၇)

## (င) ဘုရားသခင်က ဆုပေးသည်

လုကာ ၁၁း၉-၁၀ "တဖန်ငါဆိုသည်ကား ၊ တောင်းကြလော့ ။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူ မည်သည်ကား ရ၏။ ရှာသောသူ လည်း တွေ့၏ ။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏"

**မေးခွန်း၉)** ဘုရားသခင်သည် ယုံကြည်သောသူတို့အား အဘယ်သို့ပြုမည်ဟု ကတိတော်ရှိသနည်း။ ဟေဗြဲ ၁၁း၆

➢ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းဖြင့် ဆုတောင်းကြပါစို့။

ယေရှုက "ကြမ်းကြုတ်ခြင်း" အကြောင်းပြောခဲ့သည်။ ဥပမာ ဆုတောင်းခြင်းတွင် တက်ကြွပြီး ၊ တက်ကြွသူ များသည် နိုင်ငံတော်ကို အင်အားသုံး၍ သိမ်းပိုက်ကြလိမ့်မည် (မဿဲ ၁၁း၁၂)။ (ကြမ်းကြုတ်ခြင်း-အင်အား ကြီးသည့် တပ်ဖွဲ့တစ်ခု ၊ တက်ကြွကြမ်းတမ်းခြင်း)။

➢ အခွင့်အာဏာဖြင့် ဆုတောင်းပြီး ၊ ဘုရားသခင်၏ အုပ်စိုးမှုကို မြေကြီးပေါ်တွင် လိုက်နာကြပါစို့ ။

ယေရှုသည် ကျွန်ုပ်တို့အား ဆုတောင်းခြင်းတွင် အခွင့်အာဏာပေးခဲ့သည် "ရန်သူများကို နိုင်ရသော အခွင့် တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ" (လုကာ ၁၀း၁၉)။

**ဘုရားသခင်၏ နိုင်ငံတော်ထွန်းကားလာစေရန် ကျွန်တော်တို့သည် ဆုတောင်းခြင်းဖြင့် ဆက်လက် သွားကြပါစို့ (လုကာ ၁၆း၁၆)**

**မေးခွန်း၁၀)** လေ့ကျင့်ခန်း

**အောက်ပါကျမ်းချက်များကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် ဆုတောင်းချက်များ အဖြေပေး သည့်အကြောင်း တွေ့နိုင်သည်။**

**၁ ဓမ္မရာဇဝင် ၁၈း၃၆-၃၉**

**၁ ဓမ္မရာဇဝင် ၁၈း၄၁-၄၆**

**ယောဘ ၄၂း၁၀**

**ယောန ၂း၁-၂ ၊ ၁၀**

**တမန် ၁၆း၂၅ - ၃၄**

**သင်ခန်းစာ (၂)**

## ဘုရားသခင်အား နားစွင့်ခြင်း
## သူနှင့်စကားပြောခြင်း

ဘုရားသခင်သည် လူကိုဖန်ဆင်းသောအခါ လူကို သူ့ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းပြီး၊ တာဝန်ပေးအပ်ခဲ့သည်မှာ "အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရိစ္ဆာန်အပေါင်းတို့ကိုငင်း အုပ်စိုးကြလော့" (ကမ္ဘာ၁း၂၈)။ ဘုရားသခင်သည် ကျွန်တော်တို့နှင့် ဆက်သွယ်နိုင်ရန်အတွက် ကျွန်တော်တို့ကို ဘုရားသခင်၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားပြီး၊ ဤရည်ရွယ်ချက်ကို ပြီးမြောက်စေရန် လူကို လမ်းပြပေးရန်နှင့် လမ်းညွှန်ပေးရန် အမြဲအလိုရှိသည်။

**ဘုရားသခင်နှင့်ပရောဖက်များ**

ပရောဖက်ကို ဦးစွာမပြောဘဲ ဘုရားသခင်သည် မည်သည့်အလုပ်မှ မလုပ်ဆောင်ကြောင်း သူကတိပေးထားသည် (အာမုတ် ၃း၇)။ သမ္မာကျမ်းစာထဲတွင် ဘုရားသခင်သည် လူနှင့်အဆက်အသွယ်ပြုပြီး၊ သူလုပ်ဆောင်မည့်အရာများကို လူအားမျှဝေကြောင်း ပုံသက်သေများနှင့် ပြည့်နေသည်။ ဘုရားသခင်သည် သူ၏အသင်းတော်ကို တည်ဆောက်ရန် ပရောဖက်များအားဖြင့် ပြောဆိုလိုသေးသည်။ ဓမ္မသစ်ကျမ်းတွင် တမန်တော်ပေါလုသည် ဘုရားသခင်၏ အိမ်တော်သားများသည် တမန်တော်များနှင့်ပရောဖက်များ၏ အုတ်မြစ်အပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးထားသည် (ဧဖက် ၂း၂၀)။ ဘုရားသခင်သည် သူ၏လူတို့ကို မည်သည့်အခါမျှ မစွန့်ပစ်ဘဲ သူနှင့်အတူရှိမည်ဟု သမ္မာကျမ်းစာက အာမခံချက်ပေးထားသည် (တရား ၄း၃၂)။

ဘုရားသခင်သည် လူတို့အား မိတ်ဆွေကဲ့သို့ စကားပြောခဲ့သည်။

သမ္မာကျမ်းစာတွင် ဘုရားသခင်ထံမှ ကြားသိရသော ယောက်ျား၊ မိန်းမရှိကြောင်း ပုံနမူနာများကို ကျွန်တော်တို့ တွေ့ မြင်ရပြီး မိတ်ဆွေကဲ့သို့ ကိုယ်တော်နှင့် စကားပြောဆိုကြသည်။ ဥပမာ-"ထာဝရဘုရားသည် အဆွေခင်ပွန်းခြင်းကို နှုတ်ဆက်တတ်သည်နည်းတူ မောရှေနှင့်မျက်နှာချင်းဆိုင်၍ နှုတ်ဆက်တော်မူ၏" (ထွက် ၃၃း၁၁)။

ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် လူတို့အား စကားပြောခဲ့သည်။

(ဟေဗြဲ ၁း၁-၂) ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်တော်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်တော်ပေးတော်မူပြီ"။

ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူတို့အား စကားပြောသည်။

ယေရှုသည် ကောင်းကင်ဘုံသို့ပြန်တက်သောအခါ ကျွန်တော်တို့နှင့်အတူရှိရန် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်မည်ဟု ကတိပြုခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို မည်သည့်အာမခံချက်ပေးသနည်း။ (၂ယော ၁၄း၂၆) "ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်"။

**မေးခွန်း၁)** ယနေ့ ဘုရားသခင်သည် သူ၏လူများကို တစ်ဦးချင်းစကားပြောနေသေးသည်ဟု သင်ယုံကြည်ပါသလား။ (ဟေဗြဲ ၁း၁-၂၊ ယော ၁၄း၂၆ ကို ဖတ်၍ မှတ်ချက်ချပေးပါ။

ယနေ့ ကျွန်တော်တို့သည် မဟာစေခိုင်းချက်ကို ကျေပွန်ရန် ကြိုးပမ်းနေချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား စကားပြောရန်နှင့် အတိတ်ကာလတွင် သူအမြဲပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့အား အစဉ်အမြဲ လမ်းပြသည်။ ယေရှုသည် သူ၏ အသင်းတော်ကို တည်ဆောက်မည်ဟု ကတိပြုခဲ့သည် (မဿဲ ၁၆း၁၈)။ သို့သော် သူသည် ကတိတော်နှင့်အတူ အမှန်တကယ် လုပ်ဆောင်ရမည့်တာဝန်ကို သန့်ရှင်းသူများထံ ထားခဲ့သည်။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့် အတူ အစဉ်မပြတ်ရှိသည်" (မဿဲ ၂၈း၁၈-၂၀)။

**ဘုရားသခင်သည် ကျွန်ုပ်တို့အား လမ်းပြခြင်းမရှိပါက၊ ကျွန်တော်တို့သည် မည်သည့်နေရာသို့ သွားရမည်နှင့် ရှေ့ဆက်ရမည့်အရာကို ကျွန်တော်တို့ မည်သို့သိနိုင်မည်နည်း။**

**မေးခွန်း၂)** ဘုရားသခင်၏ ဝိညာဉ်တော် ဦးဆောင်သောသူကို သမ္မာကျမ်းစာက မည်သို့ခေါ်သနည်း။ (ရောမ ၈း၁၄)

ယနေ့ ကျွန်တော်တို့သည် ဘုရားသခင်၏အသံကို နားထောင်ပြီး မျက်နှာတော်ကို ရှာဖွေရန် လိုအပ်ပါသည်။ ကိုယ်တော်၏အဖြေများကို စောင့်မျှော်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား "ဖြစ်လတ္တံ့သောအရာများ" ကို ဖော်ပြပေးမည်ဖြစ်သည် (ယော ၁၆း၁၃)။

သူ၏ မိတ်ဆွေများဖြစ်သည့်အတိုင်း ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခမည်းတော်ထံသို့ ကြားသိရသမျှကို ကျွန်ုပ်တို့အား သိစေ၍၊ သူ၏ကတိကို ဖြည့်ဆည်းပေးမည်ဖြစ်သည် (ယော ၁၅း၁၅)။ "ငါ့နာမကို အမှီပြု၍ ခမည်းတော်မှာ တောင်းသမျှတို့ကို ရမည့်အကြောင်း သင်တို့ကို ငါခန့်ထား၏ (ငယ် ၁၆)။

## <u>ဘုရားသခင်သည် မည်သို့လမ်းပြသနည်း</u>

(က) သမ္မာကျမ်းစာ- ဘုရားသခင်၏ နှုတ်ကပတ်တော်

(ခ) သန့်ရှင်းသောဝိညာဉ်တော်- အိမ်မက်များ၊ ရူပါရုံများနှင့် ပရောပကပ်ပြုချက်အားဖြင့်

(ဂ) အခြေအနေများ

## (က) သမ္မာကျမ်းစာ- ဘုရားသခင်၏ နှုတ်ကပတ်တော်

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား ဘုရားသခင်စကားပြောနေသည်။

လူများမှ ရေးသားထားသော်လည်း သန့်ရှင်းသော ဝိညာဉ်တော်မှ မှုတ်သွင်းထားသည်။

၂တိ ၃း၁၆-၁၇ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏"။ ရောမ ၁၅း၄ ပြောပြသည်မှာ ရေးထားသမျှသော အရာအားလုံးသည် ကျွန်တော်တို့ သင်ယူရန်ရှိသည်ဟုဆိုသည်။ "ကျမ်းစာ၌ အထက်က ရေးထားသမျှသည် ငါတို့ကို ဆုံးမဩဝါဒပေး၍ ရေးထားသတည်း"။

(က) ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ ဆာလံ ၁၁၉း၁၀၅ "နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏"။
ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်ကို ကျွန်တော်တို့၏ နှလုံးသားထဲတွင် ထားရှိပြီး၊ သူ၏ နည်းဥပဒေသများကို စိတ်နှလုံး(အတွေးအခေါ်) ထဲတွင် ထည့်ထားရမည်ဟု ကတိပြုထားသည်။ (ယေရမိ ၃၁း၃၃)။

(ခ) ဤသည် ဘုရားသခင်၏အလိုတော် ဖော်ပြခြင်းဖြစ်သည်။
ဘုရားသခင်သည် သူ၏အလိုတော်ကို နှုတ်ကပတ်တော်၌ ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့အသက်တာ နယ်ပယ်များစွာတွင် ကျွန်တော်တို့သည် မည်သို့ပြုမူရမည့်အကြောင်း နောက်ထပ်ညွှန်ကြားချက်များ မလိုအပ်ပါ။ ဥပမာ-ကလတိ ၅း၁၉-၂၀ သည် ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်ကြားချက်များကို ပေးပြီး၊ နာမခံမှုအတွက် ပြစ်ဒဏ်ပေးခြင်းကို သတိပေးထားသည်။
(ဂ) ဤသည် လူတို့ထံသို့ ဘုရားသခင်၏ ပေးစာဖြစ်သည်။
ဘုရားသခင်နှင့် လူသားတို့၏ လုပ်ရပ်များကို မှတ်တမ်းတင်ထားသည်။ ဘုရားသခင်သည် လူသားအား မိန့်တော်မူသည့် နည်းလမ်းအမျိုးမျိုးကိုလည်း မှတ်တမ်းတင်ထားသောကြောင့်၊ ၎င်းကို "ဘုရားသခင်၏ နှုတ်ကပတ်တော်" ဟုခေါ်သည်။
ကမ္ဘာဦးကျမ်း၏ အစတွင် ဘုရားသခင်သည် လူသား (အာဒံ) အား သူနှင့် စကားပြောရန် ရှာဖွေကြောင်း ကျွန်တော်တို့တွေ့ရှိနိုင်သည် (ကမ္ဘာ ၆း၉)။
သူသည် "ဘုရားသခင်နှင့်အတူ လျှောက်လှမ်းသောနောဧ" (ကမ္ဘာ ၆း၉)နှင့် အာဗြဟံတို့အား အလွန်သိကြသော ညွှန်ကြားချက်များပေးသည် (ကမ္ဘာ ၁၂း၁-၃)။ ဤသူနှစ်ဦးတို့သည် ဘုရားသခင်ကို နာခံခဲ့ကြပြီး ၊ အကျိုးဆက်အားဖြင့် သူတို့ကို ကောင်းကြီးပေးခဲ့သည်။

**မေးခွန်း၃)** ဘုရားသခင်၏ နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းမှ လမ်းညွှန်မှုများကို သင်ကြုံတွေ့ဖူးပါသလား။ ကျေးဇူးပြု၍ ဤသက်သေခံချက်ကို မျှဝေပါ။
(ဃ) ဘုရားသခင်၏ သဘောသဘာဝကို ဖော်ပြသည်။ ဘုရားသခင်နှင့် ကျွန်တော်တို့စကားပြောဆိုနိုင်ခြင်းမှာ ဘုရားသခင်သည် မည်သို့မည်ပုံဖြစ်သည်ကို ကျွန်တော်တို့ သိရှိခြင်းကြောင့် ၎င်းသည် အရေးကြီးပါသည်။ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော ဘုရားသခင်နှင့်လူသားကြားတွင် စကားပြောဆိုမှုများ အများအပြားရှိသည်။ "ဘုရားသခင် မိန့်တော်မူသည်ကား . . ." နှင့် "ဘုရားသခင်၏ နှုတ်ကပတ်တော် ရောက်လာသည်ကား . . . " ဟူ၍ ကျွန်တော်တို့ဖတ်ရသည်။ အမှန်စစ်စစ်၊ အာရုန်နှင့်မိရိအံ တို့ကို ပြစ်တင်ရှုတ်ချရာတွင် မောရှေအား ထာဝရဘုရားက ၊ "သူ၌ ဗျာဒိတ်ပေးသောအခါ၊ နက်နဲသောစကားအားဖြင့် မပေး၊ ကိုယ်တိုင်ကိုယ်ကျ ထင်ရှားစွာ ဗျာဒိတ်ပေးမည်။ သူသည် ထာဝရဘုရား၏ ပုံသဏ္ဍာန်ကိုလည်း မြင်ရမည်" (တော ၁၂း၈)။

ဥပမာ- ဘုရားသခင်သည် အာဗြဟံနှင့် စကားပြောခဲ့သည် (ကမ္ဘာ ၁၈း၂၃း၃၂)

| | |
|---|---|
| မောရှေနှင့် | (ထွက် ၃၃း၁၂-၂၃) |
| ယေရမိနှင့် | (ယေရမိ ၁း၄-၈) |
| အာနနီနှင့် | (တမန် ၉း၁၀-၁၆) |

ဤသူများနှင့် အခြားများစွာသောသူတို့သည် ကိုယ်တော်နှင့်အတူရှိရန် အချိန်ယူသောကြောင့် ဘုရားသခင်၏

ကြင်အင်လက္ခဏာကို သိကြသည်။
ထို့ကြောင့် သူတို့သည် ဘုရားသခင်နှင့် စကားပြောဆိုရန် ရဲရင့် ခဲ့ကြပြီး ကိုယ်တော်ထံမှ ရှင်းရှင်းလင်းလင်း ကြားသိခဲ့ကြသည်။
သူတို့၏ ဆက်ဆံရေးကြောင့် ဤလူများသည် ဘုရားသခင်နှင့် စကားပြောသောအခါအဖြစ်အပျက်များ ပြောင်းလဲသွားသည်။ သူနှင့်အတူ တစ်ကိုယ်တည်း အချိန်အသုံးပြုရန် သီးသန့်ရှိနေကြသည်ကို သမ္မာကျမ်းစာက မှတ်တမ်းတင်ထားသည်။ ဘုရားသခင်ထံမှ ရှင်းရှင်းလင်းလင်း ကြားသိရန် ကျွန်တော်တို့ သည်လည်း ကိုယ်တော်နှင့် အတူရှိရန် သီးသန့်ရှိနေဖို့ လိုအပ်သည်။ ကျွန်တော်တို့၏ အာရုံတစ်ဝက်သည် အခြားအရာတစ်ခုခုကို အာရုံစိုက်နေပါက ဘုရားသခင်ကို ကွဲကွဲပြားပြားကြားရမည်မဟုတ်ပေ။

**ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မည်သို့နားလည်နိုင်မည်နည်း။**

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှုတ်သွင်းထားသောကြောင့် ကျွန်တော်တို့ဖတ်သည့်အခါ ဉာဏ် အလင်း ရရှိရန် သို့မဟုတ် ဖွင့်ပြခြင်းရရှိရန် သန့်ရှင်းသော ဝိညာဉ်တော်ထံ တောင်းဆိုရန်လိုအပ်သည်။ ယေရှုက သန့်ရှင်းသောဝိညာဉ်တော် ကြွလာပြီး သမ္မာတရားအားလုံးကို လမ်းညွှန်ပေးမည်ဟု ကတိပေးခဲ့ သည် (ယော ၁၆း၁၃)။ တမန်တော်ပေါလုသည် ဖေက်၁း၁၇-၁၈တွင် ဉာဏ်အလင်းရရှိရန် ဆုတောင်းသည်။ ယေရှုက "သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါတပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏" (ယော ၈း၃၁-၃၂)

**မေးခွန်း (၄က)**။ ကျွန်တော်တို့ဖတ်ရှုနေစဉ် ဖွင့်ပြခြင်းနှင့်ဉာဏ်အလင်းကို ကျွန်တော်တို့မည်သို့ ရရှိခဲ့သနည်း။
**( ခ )**။ ဖေက် ၁း၁၇-၁၈ ကို အသုံးပြု၍ ဆုတောင်းရန်အချိန်ယူပါ။

### (ခ) **သန့်ရှင်းသော ဝိညာဉ်တော်**

သန့်ရှင်းသောဝိညာဉ်တော်သည်အိပ်မက်များ၊ရူပါရုံများနှင့်ပရောဖက်ပြုချက်အားဖြင့် လမ်းညွှန်သည်။ ဘုရားသခင်သည် သူ၏သန့်ရှင်းသော ဝိညာဉ်တော်ကို သွန်းလောင်းခြင်းဖြင့် လူသားတို့အား အိမ်မက်များ၊ ရူပါရုံများနှင့် ပရောဖက်ပြုချက်ကို ကတိပေးထားသည်။
ယောလ ၂း၂၈ "ထို့နောက်မှ လူမျိုးတကာတို့အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကိုလည်း မြင်ရကြလိမ့်မည်။
ပင်တေကုတ္တေနေ့တွင် ယောလ၏ ပရောဖက်ပြုချက် ပြည့်စုံခဲ့သည် (တမန် ၂း၁၇)။
ဘုရားသခင်သည် အိပ်မက်များ၊ ရူပါရုံများနှင့် ပရောဖက်ပြုချက်များအားဖြင့် လူတို့အား စကားပြောခဲ့သည်။

### **(က) ဖြစ်လာမည့်အရာကို ပြောပြထားသည်။**

အိပ်မက်များနှင့် ရူပါရုံများသည် မကြာခဏ ပရောဖက်ပြုချက်ဖြစ်သည်။ ယောသပ်သည် သူ့ကိုယ်သူ အိပ်မက်များမက်ပြီး၊ ဘုရားသခင်ပေးခဲ့သော အိပ်မက်များကို အခြားသူများ၏ အိပ်မက်များကို အနက်ပြန်ဆို နိုင်သော စွမ်းရည်ကိုလည်း ရရှိထားသည် (ကမ္ဘာ ၃၇း၅၊၄၀း၈၊၄၁း၁၅)။

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို လာမည့်အရာများကို ပြောပြမည်ဟု ယေရှုကတိပေးသည်။ (ယော ၁၆း၁၃)။ သူသည် ကျွန်ုပ်တို့အား ပြောပြသည်မှာ "ယေရှုကလည်း သင်တို့အား ငါအမှန်အကန် ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသော အမှုကို သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်မှုကိုမျှ မပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှအတိုင်းသာ သားတော်လည်း ပြု၏ (ယော ၅း၁၉)။

(ခ) သတိပေးချက် ယူဆောင်လာသည်။

ဘုရားသခင်သည် ယာကုပ်၏ ယောက္ခမဖြစ်သော လာဗန်အား အိပ်မက်၌ စကားပြောခဲ့သည် (ကမ္ဘာ ၃၁း၂၄)။ အိပ်မက်ထဲတွင် ယောသပ်နှင့် မာဂုသုံးဦးကို ဘုရားသခင်သတိပေးခဲ့သည် (မာသဲ ၂း၁၂-၁၃)။ ဗျာဒိတ်ကျမ်းသည် ယောဟန်အား ယေရှုခရစ်ပေးခဲ့သော ရူပါရုံ၏ မှတ်တမ်းဖြစ်သည်။ စာအုပ်တစ်အုပ်လုံး သည် လူသားတို့အတွက် သတိပေးချက်တစ်ခုဖြစ်ပြီး၊ ခရစ်တော်သည် ယခုရောက်ရှိသည့်နေရာနှင့် တစ်နေ့နေ့တွင် ကျွန်တော်တို့ရောက်ရှိမည့် နေရာအတွက် အံ့ဖွယ်ကတိတစ်ခုဖြစ်သည်။

(ဂ) ဘုရားသခင်ထံမှ လမ်းညွှန်မှုနှင့် အားပေးမှုကိုပေးသည်။ သုတ္တံ ၂၉း၁၈မှ ကျွန်တော်တို့ကို ပြောပြသည်မှာ ရူပါရုံမရှိလျှင် လူတို့သည် မျှော်လင့်ချက် မရှိကြပါ။ ပေတရုသည် ဇဝ်ဂေလိတရားနှင့်အတူ တစ်ပါးအမျိုးသား များထံသွားရန် ပြင်ဆင်ပေးသည့် ရူပါရုံကို မြင်ခဲ့သည် (တမန် ၁၀း၉-၁၆)။

**မေးခွန်း၅)** အိပ်မက်၊ ရူပါရုံ၊ ပရောဖက်ပြုချက်အားဖြင့် ဘုရာသခင်သည် သင့်အား စကားပြောခဲ့ ဖူးပါသလား။ ဤအရာသည် သင့်အား ယနေ့သင်ရောက်ရှိနေသည့် နေရာကို လမ်းညွှန် ရန် အထောက်အကူ ဖြစ်ပါသလား။ ကျေးဇူးပြု၍ မျှဝေပါ။

## အိပ်မက်၊ ရူပါရုံ သို့မဟုတ် ကရောဖက်ပြုချက်နှင့် မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။

အိပ်မက်များ၊ ရူပါရုံများနှင့် ပရောဖက်ပြုချက်များအပြင် သူ၏နှုတ်ကပတ်တော်အားဖြင့်လည်း ဘုရားသခင် စကားပြောရန် ကျွန်တော်တို့မျှော်လင့်ရမည်ဖြစ်သည်။ ဘုရားသခင်သည် အိပ်မက် သို့မဟုတ် ရူပါရုံကို ကျွန်ုပ်တို့အား ပေးသည်နှင့်တစ်ပြိုင်နက်၊ သူဖော်ပြခဲ့သည်များကို ပိုမိုနားလည်သဘောပေါက်ရန် ကျွန်ုပ်တို့၏ တာဝန်မှာ သူ့ကို ရှာရန်ဖြစ်သည်။ ရူပါရုံများ၏အနက်ဖွင့်ခြင်းဆုကျေးဇူးသည် မြောက်များစွာသော အချိန်တွင် အတူတကွဆုတောင်းခြင်း အစီအစဉ်မျိုးတွင် ဖြစ်ပေါ်တတ်သည်။ တစ်ခါတစ်ရံတွင် ပိုင်းခြားသိမြင်ခြင်း ဆုကျေးဇူးကို ရရှိထားသော ဘုရားတရားကြည်ညိုသူထံမှ အိပ်မက်တစ်ခုအကြောင်းအား နားလည်မှုရှာဖွေရန် လိုအပ်ပေမည်။ ထင်ရှားသော အရာမှာ သမ္မာကျမ်းစာနှင့် အမြဲတမ်းကိုက်ညီမည်ဖြစ်ပြီး ကျွန်ုပ်တို့အား ငြိမ်သက်ခြင်းကို ပေးမည်ဖြစ်သည်။

ဟဗက္ကုတ် (၂း၁)က။ ကျွန်တော်တို့ကို အားပေးသည်မှာ "ငါ့အား အဘယ်သို့ မိန့်တော်မူမည်ကိုင်း၊ အပြစ်တင် လျှင် အဘယ်သို့ ပြန်လျှောက်ရမည်ကိုင်း ငါစောင့်၍နေစဉ်တွင်"။

(ငယ် ၂-၃)။ ရူပါရုံကို မှတ်တမ်းတင်ရန်နှင့် ၎င်း၏ပြည့်စုံမှုအတွက် စောင့်ဆိုင်းရန် ဘုရားသခင်က လမ်းညွှန်ပေးသည်။

**မေးခွန်း ၆)** ဘုရားသခင် ပြသခဲ့သည့်အရာများကို ရေးမှတ်သည့်အလေ့အထရှိပါသလား။ နေ့စဉ် မှတ်တမ်းတင်ထားပါသလား။ ဤအရာက သင့်အား ဘုရားသခင်နှင့်အတူ လျှောက်လှမ်း ရာတွင် အထောက်အကူဖြစ်စေပါသလား။

**သန့်ရှင်းသောဝိညာဉ်တော်၌ ငြိမ်သက်ခြင်းရှိသည်။**

အစည်းအဝေးတစ်ခုသို့ ယူဆောင်လာသော ပရောဖက်ပြုချက်စကားသည် သမ္မာကျမ်းစာအရ မှန်ကန်၍ ကြားနာသူအား နှစ်သိမ့်အားပေးပြီး၊ ဘုရားသခင်ပြောသည့်အရာကို အတည်ပြုရန် အားပေးလိမ့်မည်။ ဘုရားသခင်၏ လမ်းညွှန်ချက်များသည် သမ္မာကျမ်းစာနှင့် အမြဲသဘောတူညီမှု ရှိမည်ဖြစ်ပြီး၊ ကျွန်တော်တို့ကို ငြိမ်သက်ခြင်း ဖြင့် အမြဲထားရှိမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ရှုပ်ထွေးမှုများ သို့မဟုတ် သံသယများကို မည်သည့်အခါမျှ ယူဆောင်မပေးပါ။ ကျွန်တော်တို့သည် ဘုရားသခင်နှင့် လိုက်လျောညီထွေမှု ရှိသောအခါ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်တို့ကို လမ်းပြပေးသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်နှင့် အမှားကို ဖော်ပြပေးသော်လည်း ကျွန်တော်တို့ကို မည်သည့်အခါမှ အပြစ်မတင်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်သည် အပြစ်ဖော်ပြပေးသောအခါ သူသည် အမြဲတိကျပြီး အခြေအနေအား မည်သို့ပြုပြင်ရမည်ကို ကျွန်ုပ်တို့အား ပြသသည်။ သူသည် ကျွန်တော် တို့၌ရှိသော ငြိမ်သက်ခြင်းကို ပြန်လည် ရရှိစေ၍ ပြစ်တင် ရှုတ်ချခြင်းသည် ကျွန်ုပ်တို့အား စိတ်မသက်သာရာ ရစေပြီး အခြေအနေမှ လွတ်လမ်းမရှိပေ။ ဤနည်းဖြင့် ကျွန်တော်တို့သည် သူ၏ အကြံပေးချက်နှင့် မာနတ်၏ ကဲ့ရဲ့ခြင်းကို ပိုင်းခြားနိုင်မည်ဖြစ်သည်။

**မေးခွန်း၇)** သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အား စကားပြောနေကြောင်းကို သိရှိသည့် နည်းလမ်းကား အဘယ်နည်း။

**(ဂ) အခြေအနေများ**

ဘုရားသခင်သည် တံခါးဖွင့်ပေး၍ တစ်ခုခုကို ရှေ့ဆက်လုပ်ဆောင်ရန် အခွင့်အရေးပေးသည့်အခါ ကျွန်တော်တို့အား လုပ်ဆောင်လိုသောဆန္ဒကို ဘုရားသခင်ပေးသည်။ ဤတံခါးများသည် ဘုရားသခင်က အချိန်ကိုက် ဖွင့်ပေးသည်။ ဥပမာ- ပေတရုသည် ဘုရားသခင်ထံမှ ရူပါရုံကိုရရှိ၍ ဘုရားသခင်၏ ဝိညာဉ်တော်ထံမှ အာမခံချက်ကို ရရှိခဲ့သည်။ ကော်နေလိ၏ အိမ်သို့ ဖိတ်ခေါ်ရန် ဧည့်သည်များ ရောက်လာသောအခါ အတည်ပြုချက် ထွက်ပေါ်လာသည်။ ရရှိထားသော ရူပါရုံအား နာခံရန် ပေတရုအတွက် တံခါးဖွင့်ပေးသည်။ (တမန် ၁၀း၉-၂၃)

ဘုရားသခင်သည် တံခါးဖွင့်ပေးလိုက်သောအခါ ကျွန်တော်တို့၏ အခြေအနေများသည် တန်းစီလာကာ ကျွန်ုပ်တို့၏ အလိုဆန္ဒနှင့်သမ္မာကျမ်းစာမှ ဘုရားသခင်၏ပြောသည့်အရာနှင့် ကိုက်ညီလာသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အခြေအနေ၌ ငြိမ်သက်ခြင်းကို ပေးသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့အား ဘုရားသခင်စကားပြောနေခြင်းဖြစ်သည်ကို ကျွန်တော်တို့သိရသည်။

**မေးခွန်း၈)** သူဖွင့်ထားသောတံခါးနှင့် ပိတ်ထားသောတံခါးအကြောင်းကို ယေရှုသည် မည်ကဲ့သို့ ပြောထားသနည်း။ ဗျာဒိတ် ၃း၇

ကျွန်တော်တို့သည် ဘုရားသခင်၏ ပြီးပြည့်စုံသော အလိုတော်၌ရှိနေကြောင်း သေချာစေရန်၊ ဤအရာသုံးခုဖြစ်သည့် ဘုရားသခင်၏ နှုတ်ကပတ်တော်၊ အိပ်မက်များ၊ ရူပါရုံများ သို့မဟုတ် ပရောဖက်ပြုချက်အားဖြင့် ပေးအပ်သော သန့်ရှင်းသော ဝိညာဉ်တော်၏ အတည်ပြုချက်နှင့် ကျွန်တော်တို့၏ အခြေအနေများသည် အားလုံးတန်းစီနေရမည်ဖြစ်သည်။

**ဘုရားသခင်ကို ပို၍ရှင်းလင်းစွာ မည်သို့ ကျွန်ုပ်ကြားရမည်နည်း။**

အနှောင့်အယှက်ကင်းသော နေရာ၌ သူနှင့်အတူရှိရန် အချိန်ဖယ်ထားပါ (မာကု ၁း၃၅)။ တိတ်ဆိတ်ငြိမ်သက် စွာနေပြီး ဘုရားသခင်၊ ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်အပေါ် အာရုံစိုက်ပါ။ ဝိညာဉ်တော်၌ ဆုတောင်းခြင်းဖြင့် အချိန်အသုံးပြုပါ။ အခြားသောဘာသာစကား ဆုကျေးဇူးကို လေ့ကျင့်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖတ်ရွတ်၍ အနက်ဖွင့်ပေးရန် သန့်ရှင်းသောဝိညာဉ်တော်အား တောင်းခံပါ (ဖေက် ၁း၁၇-၁၈)။ သင်ဖတ်နေသည့် ကျမ်းချက်အတိုင်း ဆုတောင်းပါ။ ကျမ်းပိုဒ်ထဲတွင် ဘုရားသခင် ပြောသောအရာနှင့် ယနေ့တွင် ကျွန်တော်နှင့် မည်သို့ သက်ဆိုင်ကြောင်းကို နားလည်ရန် ဘုရာသခင်အား တောင်းဆိုပါ။

သင်သည် သူနှင့်စကားပြောသောအခါ ဘုရားသခင်သည် သင့်အသံကိုကြားရန် မျှော်လင့်ပါ။ ထိုနောက် သင့်ကို အဖြေပေးရန် ဘုရားသခင်အား စောင့်ဆိုင်းပါ (၁ယော ၅း၁၄-၁၅)။ ဘုရားသခင်ပြောသောအရာကို မှတ်တမ်းတင်နိုင်ရန် ဘောပင်နှင့် စာရွက်ကို ဆောင်ထားပါ။
သင်ကြားရသောအရာအတွက် ကျေးဇူးတော်ချီးမွမ်းပါ။

**ဘုရားသခင်ထံမှ ကြားနာခြင်းကို အကျွန်ုပ်အား အဘယ်အရာက ဟန့်တားသနည်း။**

* တမင်ရည်ရွယ်သောအပြစ် (ဟေရှာယ ၅၉း၂)
* အခြားသူတစ်ဦးအပေါ် ခွင့်မလွှတ်ခြင်း (မဿဲ ၆း၁၄)
* ယောကျ်ားနှင့်သူ၏မယားကြား ဆက်ဆံရေးမှားယွင်းခြင်း (၁ပေ ၁း၇)
* တစ်ကိုယ်ကောင်းဆန်သော စိတ်နေသဘောထား (ယာကုတ် ၄း၃)
* အခြား "ဘုရား" များနှင့် ပါဝင်ပတ်သတ်ခြင်း၊ ယောဂကျင့်ခြင်း၊ တရားထိုင်ခြင်း၊ ဗေဒင်ဟောခြင်း၊ "ကတ်" စသည်တို့ကဲ့သို့သော မှော်အတတ်ကျင့်စဉ်များ (ထွက် ၂၀း၃-၅)။

**မေးခွန်း၉)** သင်သည် ဤအတားအဆီး (အနှောင့်အယှက်) များထဲမှ တစ်ခုခုနှင့် ရုန်းကန်နေရပါသလား။ အထက်ဖော်ပြပါ အတားအဆီးများထဲမှ အပြစ်၏ နေရာများကို နောင်တရပြီး ဝန်ခံရန် အချိန်ယူပါ။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင့်ကိုကူညီရန် တောင်းလျှောက်ပါ။ သင်နှင့်အတူဆုတောင်းရန် သင်ခန်းစာ သင်ကြားပေးသူ၏ အကူအညီလိုအပ်နိုင်သည်။

**သင်ခန်းစာ (၃)**

# ပဌနာဆုတောင်းခြင်း

ပဌနာဆုတောင်းခြင်းနှင့် ပတ်သတ်၍ လုကာ၏ မှတ်တမ်းတွင် တပည့်တော်များက ယေရှုကို တောင်းဆိုခဲ့သည်မှာ "သခင် ဆုတောင်းစေခြင်းငှာ ယောဟန်သည် မိမိတပည့်တို့အား နည်းပေးသကဲ့သို့ ကျွန်ုပ်တို့အား နည်းပေးတော်မူပါ" လုကာ ၁၁း၁

မာသဲ ၆း၉ တွင် ယေရှုက "ထိုကြောင့် သင်တို့ ဆုတောင်းရမည်မှာ"

သမိုင်းတစ်လျှောက်လုံးတွင် ဤဆုတောင်းချက်ကို စိတ်ရင်းမှန်နှင့် ကြီးမားသော ယုံကြည်ခြင်းဖြင့် ရွတ်ဆိုခဲ့သည်။ ၎င်းကို အသင်းတော်၏ ဆုတောင်းခြင်းအသက်တာတွင် စံပြအဖြစ်လည်း အသုံးပြုခဲ့သည်။

ဤအထဲတွင် ယေရှုက ကျွန်ုပ်တို့ကို ဆုတောင်းရန် အရေးကြီးသည့် ကိစ္စရပ်အချို့ကို အကျဉ်းချုံးပေးထားသည်။

က။ ကျွန်တော်တို့သည် ဘုရားသခင်ကို အာရုံစိုက်ပြီး၊ သူ၏သားတော် ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့် ဆက်သွယ်မှုရှိလာသည်။

ခ။ ကျွန်တော်တို့သည် ဘုရားသခင်ကို ကိုးကွယ်သည်။

ဂ။ သူ၏နိုင်ငံတော် ရောက်ရှိလာရန် ကျွန်တော်တို့ ဆုတောင်းသည်။

ဃ။ သူ၏အလိုတော်ကို ကျွန်တော်တို့ ရှာဖွေသည်။

င။ ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ဘုရားသခင်အား တောင်းဆိုသည်။

စ။ ခွင့်လွှတ်ခြင်းကို ကျွန်တော်တို့ ရှာဖွေသည်။

ဆ။ လမ်းညွှန်ပေးခြင်းအတွက် ကျွန်တော်တို့ တောင်းဆိုသည်။

ဇ။ မကောင်းသောအရာမှ ကယ်လွှတ်ရန် ကျွန်တော်တို့ တောင်းဆိုသည်။

ဈ။ ကိုးကွယ်ခြင်းဖြင့် ကျွန်တော်တို့ အဆုံးသတ်သည်။

ဤလေ့လာမှုတွင် ကျွန်တော်တို့သည် ကျမ်းချက်တစ်ခုစီကို လေ့လာပြီး အနက်ပြန်ဆိုကာ သဘောပေါက်နိုင်ရန် နှင့် ဉာဏ်မျက်စိပွင့်စေရန် ဆုတောင်းရမည်။

**မေးခွန်း၁)** ယေရှုက "ထိုကြောင့် သင်တို့ဆုတောင်းရမည်မှာ" ဟူသောအရာသည်မည်သို့ ဆိုလို သနည်း။ ယေရှုသည် ကျွန်ုပ်တို့အား ဆုတောင်းခြင်းကို ရိုးရိုးလေးဖြင့် ရွတ်ဆိုရန် သို့မဟုတ်နောက်ထပ် တစ်ခုခုကို ပြောဆိုရန် ပြောထားပါသလား။

က။ ကျွန်တော်တို့သည် ဘုရားသခင်ကို အာရုံစိုက်ပြီး၊ သူ၏သားတော် ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့် ဆက်သွယ်မှုရှိလာသည်။

အကျွန်ုပ်တို့၏ အဘယေရှုသည် အနန္တတန်ခိုးရှင် ဘုရားသခင်နှင့် စကြဝဠာကို ဖန်ဆင်းသူနှင့် မိသားစု ဆက်ဆံရေးသို့ ကျွန်ုပ်တို့အား ဆွဲဆောင်သည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို "ကျွန်ုပ်တို့၏အဘ "ဟု ခေါ်ရသည်။ ကျွန်တော်တို့ ရရှိသည်မှာ "အဗ္ဗအဘ" ဟုခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်း၏ သဘောကို ရကြပြီ" (ရောမ ၈း၁၅)။

ကျွန်တော်တို့သည် ဘုရားသခင်၏မိသားစုတွင် နေရာတစ်ခုအတွက် အာမခံချက်တစ်ခု ပေးထားသည်။ ကျွန်တော်တို့သည် ဆက်နွှယ်မှုကို တွေးတောကြည့်သောအခါ၊ ကျွန်ုပ်တို့အား ပေးအပ်ထားသောအမွေကို

အသိအမှတ်ပြုသည့်အတွက် ကျွန်တော်တို့သည် ကြောက်ရွံ့ရှိသေခြင်းဖြင့် ပြည့်နှက်နေပါသည်။ "ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည့်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့" (၁ယော ၃း၁)။

## "ကောင်းကင်ဘုံ၌ရှိတော်မူသော"

ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ကျိန်းဝပ်၍ ကောင်းကင်ဘုံသည် သူ၏ထာဝရအိမ်ဖြစ်သည်။ "ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ခုံဖြစ်၏" (ဟေရှာယ ၆၆း၁-၂)။ မြင့်မြတ်၍ ကောင်းကင်ဘုံ၌ စံမြန်းတော်မူသော ဘုရားသခင်သည် သူ၏ဘုန်းအသရေ အလုံးစုံကို ကျွန်တော်တို့ မြင်ရသော်လည်း နှိမ့်ချသောစိတ်နှင့် နောင်တရသောစိတ်ရှိသော နေရာမျိုးတွင် နေထိုင်လိုသည် (ဟေရှာယ ၅၇း၁၅)။

ယေရှုသည် ထမြောက်ပြီးနောက် ကောင်းကင်ဘုံ၌ ခမည်းတော်၏ လက်ယာဘက်တွင် ထိုင်နေတော်မူသည်ကို ကျွန်တော်တို့ သတိရမိသည် (ဖေက် ၂း၆)။ ကျွန်တော်တို့သည် ရှင်ပြန်ထမြောက်ပြီး "ကောင်းကင်အရပ်၌ နေရာပေးရန် ကျွန်တော်တို့ကို ဖန်ဆင်းခဲ့သည် (ဖေက် ၂း၆)။ "ငါတို့သည် ကောင်းကင်ဘုံနှင့် စပ်ဆိုင်လျက်ရှိ၏" (ဖိလိပ္ပိ ၃း၂၀) ။ ကျွန်တော်တို့သည် ကောင်းကင်အရာတို့ကို မြဲမြံစွာ စွဲလမ်းလျက် ရှာဖွေကြရမည်။ ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့" (ကော ၃း၁-၃)။ ကျွန်တော်တို့သည် ဘုရားသခင်ကို အာရုံစိုက်ရန် မြေကြီးဆိုင်ရာ အရာများမှ ကျွန်တော်တို့၏ မျက်လုံးများကို မျှော်ကြည့်သည်။ ကျွန်တော်တို့သည် ကောင်းကင်ဘုံကို ဖော်ပြသည့် ကျမ်းပိုဒ်များကို တွေးတောဆင်ခြင်ကြသည်။ ယေဇကျေလ ဖြစ်စေ၊ ယောဟန် ဖြစ်စေ (နှစ်ဦးစလုံးသည် ကောင်းကင်ဘုံ၏ ရူပါရုံများကို လက်ခံရရှိသူ) စလုံးသည် ၎င်းတို့၏ ရူပါရုံများတွင် မြင်ခဲ့ရသောအရာများကို ဖော်ပြရန် လုံလောက်သော စကားလုံးများကို ရှာမတွေ့ နိုင်ကြပါ။ သူတို့သည် "သဏ္ဍာန်တူသော" သို့မဟုတ် "အသွင်အပြင်" ကိုပြောကြသည် (ယေဇကျေလ ၁း၂၇-၂၈)။

သို့ရာတွင် ဖော်ပြ၍မရသော အလှတရားများရှိသော နေရာတစ်ခုကို အထင်ကြီးပြီး၊ ၎င်းတို့ ဖော်ပြသည့် အရာကို တွေးတောဆင်ခြင်နိုင်သည်။

ကောင်းကင်သားတို့က မရပ်မနားကိုးကွယ်ကြသည် (ဗျာဒိတ် ၅း၁၄)။

ဘုရားသခင်နှင့်သားတော်၏ ရောင်ခြည်တော်သည် အလင်းကို ပေးသည် (ဗျာဒိတ် ၂၁း၂၃)။

ဘုရားသခင်၏ ပလ္လင်တော်သည် အလယ်၌ရှိသည် (ဗျာဒိတ် ၄း၂)။

ဤပလ္လင်မှ သက်စမ်းရေစီးဆင်းပြီး အနာကိုငြိမ်းစေသောရေဖြစ်သည် (ဗျာဒိတ် ၂၂း၁-၂)

"ကောင်းကင်ဘုံ၌ လူလက်ဖြင့်မလုပ်ဘဲ၊ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ် ရှိကြောင်းကို ငါတို့ သိကြ၏" (၂ကော ၅း၁)။

**မေးခွန်း၂(က)**။ ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့၏ ဖခမည်းတော်ထံ ကောင်းကင်ဘုံ၌ ယခုပင် ရောက်ရှိနိုင်ကြောင်းကို သင်အံ့သြမိပါသလား။

**(ခ)**။ ကောင်းကင်ဘံသည် ကျွန်တော်တို့၏ ပတ်ဝန်းကျင်တွင် တည်ရှိနေသည်။ ကျွန်တော်တို့သေဆုံးသောအခါ သွားရမည့်နေရာတစ်ခုသာ မဟုတ်ကြောင်း သင်သဘောပေါက်ပါသလား။ သင်၏နားလည်မှုကို ရှင်းပြပါ။

၁။ နာမတော်အား ရိုသေလေးမြတ်ခြင်းဖြင့် ဘုရားသခင်ကို ကျွန်တော်တို့ ကိုးကွယ်သည်။
"ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော"

ဘုရားသခင်၏ နာမသည် ထူးခြားသည်။
ယေရှုက ဘုရားသခင်၏နာမတော်ကို ချီးမွမ်းဂုဏ်ပြုရန် ပြောထားသည်။
(ရိုသေလေးမြတ်ခြင်း- သန့်ရှင်းစေခြင်း၊ ကြည်ညိုခြင်း။ ရိုသေလေးမြတ်ခြင်း- သန့်ရှင်းစေပါ၊ Gk.# 37 SC)။
ကောင်းကင်ဘုံ၌ရှိသော သတ္တဝါတို့သည် ထာဝရဘုရားသခင်၏ နာမတော်ကို ရိုသေခြင်းဖြင့် ကောင်းကင်၌ ကိုးကွယ်ခြင်း၏ အလွန်ရှင်းလင်းသော ရုပ်ပုံများ ကျွန်တော်တို့ရှိသည် ဗျာဒိတ် ၄း၈။ "သူတို့ကလည်း အနန္တတန်ခိုးရှင်နှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလ အစဉ်ရှိတော်မူသော ထာဝရအရှင် ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ ဟု နေ့ညမပြတ်ငြိမ်၍မနေဘဲ ပြောဆိုကြ၏"

## ဘုရားသခင်၏ နာမတော်

ဘုရားသခင်သည် မောရှေထံ သူ၏နာမကို ပြောခဲ့သည်မှာ "ငါဖြစ်သည့်အတိုင်း ငါဖြစ်၏" ထွက် ၃း၁၄။ ထိုအချိန်မှစ၍ ဘုရားသခင်သည် သူ၏နာမ၌ သူ့ကိုယ်သူ ပုံစံအမျိုးမျိုးဖြင့် အကြိမ်ပေါင်းများစွာ ထုတ်ဖော်ပြသခဲ့သည်။ သူ၏အမည်နာမသည် သူ၏ သဘောသဘာဝနှင့် သူ၏ စရိုက်ကို ဖော်ပြသူသည်။

## ဘုရားသခင်၏ အချို့သောနာမများ

ယေဟောဝါယိရေ-ဘုရားသခင် ပြင်ဆင်တော်မူမည်-ကမ္ဘာ ၂၂း၁၄ (ငါဖြစ်သည် ဟူသော ဘုရားသခင်သည် ကျွန်တော်တို့အား ပြင်ဆင်ပေးသောသူဖြစ်သည်)
ယေဟောဝါ-ရာဟ-သင်တို့၏ရောဂါကို ငြိမ်းစေသောဘုရား (ထွက် ၁၅း၂၆)
ယေဟောဝါ-နိဿိ-ထာဝရဘုရားသည် ကျွန်ုပ်၏အောင်မြင်ခြင်းဖြစ်သည် (ထွက် ၁၇း၁၅)
ယေဟောဝါ-အမ်ကာဒိတ်-ငါသည် သင်တို့ကို သန့်ရှင်းစေသော ထာဝရဘုရားဖြစ်သည် - ဝတ် ၂၀း၈
ယေဟောဝါ-ရှာလုံ-ထာဝရဘုရားသည် ငြိမ်သက်ခြင်းဖြစ်သည် - တရားသူကြီး ၆း၂၄
ယေဟောဝါ-ဇေဒနု-ထာဝရဘုရားသည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်သည် - ယေရမိ ၂၃း၆
ယေဟောဝါ-ရောဟိ-ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်၏ - ဆာလံ ၂၃း၁
ယေဟောဝါ-ရှမ္မ-ထိုအရပ်၌ ထာဝရဘုရားရှိသည် - ယေဇကျေလ ၄၈း၃၅
(ယေဟောဝါသည် ဓမ္မဟောင်းကျမ်း ဟေဗြဲဘာသာမှ ထာဝရဘုရား၏ နာမတော်ကို တိကျစွာ ဘာသာပြန်ဆိုထားခြင်းမဟုတ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။ ဤနာမတော်၏ပုံစံသည် လူကြိုက်များခဲ့သည်။ များစွာသော အချိန်များတွင် နာမတော်ကို အက္ခရာပြန်ဆိုရာတွင် YAHWEH ကို အသုံးပြုခဲ့သည်။ ၎င်းသည် မူရင်းစာသားတွင် အမည်နာမကဲ့သို့ ပေါ်နေသည်ဟူသော ဗျည်း၄လုံး WYWH မှ ပိုမိုနီးစပ်စွာ ဆင်းသက်လာခြင်းဖြစ်သည်။ (ဥပမာ ဟေဗြဲဗျည်း လေးခု)
ဗာဗုလုန်တွင် ကျွန်ခံပြီးနောက် ဂျူးယုံကြည်သူများသည် နာမတော်ကို တစ်ခါမျှမပြောဘဲ သခင်ဟု အဓိပ္ပာယ်ရသော အဒေါနိုင်း (Adonai) ဟူသော အမည်ဖြင့် ဘုရားသခင်ကို ရည်ညွှန်းသည်။ အင်္ဂလိပ်ကျမ်းအများစုတွင် ဘုရားသခင်၏ နာမတော်သည် သခင်ဟု ပေါ်လာသည်။ ဆိုလိုသည်မှာ အက္ခရာလေးလုံး

စလုံးကို စာလုံးကြီး သို့မဟုတ် စာလုံးအကြီးဖြင့် ပြန်ဆိုထားသည်။ အဒေါနိုင်း (Adonai) ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုသည့်အခါ ဘုရားသခင်ဟု ရေးထားသည်။ ဥပမာ-စာလုံးအကြီး ၁လုံး၊ ထို့နောက် စာလုံးသေး ၃လုံး။ ယေဟောဝါ (YEHOVAH) သို့မဟုတ် YAHWEH ဟူသော အမည်နာမများကို ဘုရားသခင်၏နာမတော်ကို ဘုရားသခင် (သခင်) ဟု ဘာသာပြန်ခြင်းထက် သာ၍ကောင်း၏။

**ယေရှု၏နာမတော်**

"နာမတော်ကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်" (ဟေရှာယ ၉း၆)။

"သတို့သမီးကညာသည်၊ ပဋိသန္ဓေယူ၍၊ သားယောက်ျားကို ဘွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့် မှည့်ရလတ္တံ့" (ဟေရှာယ ၇း၁၄)။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူ၏။ သခင် (အမြင့်ဆုံးသော အာဏာရှိသူ၊ ထိန်းချုပ်သောသူ၊ သခင်) ယေရှု (ဟေဟောဝါ သည် ကယ်တင်ခြင်း)၊ ခရစ်တော် (မေရှိယ၊ ကတိထားရာ၊ ဘိသိတ်ခံဘုရင်) သည် ဘုရားသခင်၏သားတော်အား ပေးထားသည့် ဘွဲ့နာမအပြည့်အစုံဖြစ်သည်။ သူ၏နာမတော်ကို အမှန်ပင် အသိအမှတ်ပြုသည်နှင့်အမျှ ခမည်းတော်သည် ဘုန်းထင်ရှားသည်။

"ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်မြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမတော်ကို ပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်ရှိ သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်ဖြင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေကို ထင်ရှားစေကြမည်အကြောင်းတည်း (ဖိလိပ္ပိ ၂း၉-၁၁)။

ယေရှု၌ ဘုရားသခင်သည် ဓမ္မဟောင်းကျမ်း၌ မိမိကိုယ်မိမိ ထုတ်ဖော်ပြသထားသမျှကို ပြည့်စုံစေခဲ့သည်။ အမှန်မှာ ယေရှုခရစ်သည် ငါ့ကိုထောက်ပံ့ပေးသူ။ ငါ့ကို အနာငြိမ်းစေသူ၊ ငါ၏ အောင်မြင်ခြင်း၊ ငါ၏ ဖြောင့်မတ်ခြင်း၊ ငါ၏ငြိမ်သက်ခြင်း၊ ငါ့ကို သန့်ရှင်းစေသူ၊ ငါ၏သိုးထိန်း၊ ငါ၏ အရာအားလုံးဖြစ်လာခဲ့သည်။ ယေရှုသည် ခမည်းတော်၏နာမကို ကျွန်ုပ်တို့အား ဖော်ပြပေးသည်(ယော ၁၇း၂၆)။ ခမည်းတော်သည် သူ၏နာမတော်အားဖြင့် ကျွန်ုပ်တို့ကို စောင်မတော်မူမည့်အကြောင်း ယေရှုဆုတောင်းခဲ့သည်(ယော၁၇း၁၁)။ သူ၏နာမတော်အားဖြင့် ဘေးကင်းခြင်းနှင့်ကယ်တင်ခြင်းရှိသည်။

"ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့် လုံခြုံစွာနေရကြ၏" (သုတ္တံ ၁၈း၁၀)

"ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့"(တမန် ၂း၂၁)။ ဤကျမ်းပိုဒ်သည် ရောမ ၁၀း၁၃ တွင် ထပ်ခါဖော်ပြပြီး၊ ထိုကိုးကားချက်တွင် ယေရှုကို ရည်ညွှန်းသည်မှာ ထင်ရှားသည်။ ကျွန်တော်တို့သည် ကိုယ်တော်၏နာမတော်ကို ချီးမြောက်သည်နှင့်အမျှ၊ ယေရှုသည် လူအားလုံးကို သူ့ထံတော်သို့ ဆွဲသွင်းမည်ဖြစ်သည် (ယော ၁၂း၃၂)။ ကျွန်တော်တို့သည် ဘုရားသခင်ကို ချီးမွမ်းပြီး၊ သူ၏နာမတော်အား ရိုသေလေးမြတ်ခြင်းပြုလျှင်၊ ကျွန်တော်တို့သည် အခြားသူများအား သူ့အကြောင်းကို ကြားသိစေရန် အခွင့်အရေးပေးကာ သူ့ကိုသိရန် အခွင့်အရေးပေးသည်။

**မေးခွန်း၃)** ဘုရားသခင်၏ နာမတော်အကြောင်း ကောင်းကောင်းသိခြင်းက ဆုတောင်းခြင်းတွင် ကျွန်တော်တို့ကို မည်သို့အကူအညီပေးသနည်း။

၈။ ဘုရားသခင်၏နိုင်ငံတော် ရောက်ရှိလာရန် ကျွန်တော်တို့ ဆုတောင်းသည် "နိုင်ငံတော်တည်ထောင်ပါစေသော်"

ကျွန်တော်တို့သည် ဘုရင်တကာတို့၏ ဘုရင်နှင့် သခင်တကာတို့၏ သခင်၏ အရည်အချင်းများအားလုံးကို ထင်ဟပ်စေမည့် နိုင်ငံတော်အတွက် ဆုတောင်းနေပါသည် (ဗျာဒိတ် ၁၉း၁၆)။ ဤဘုရင်တစ်ပါးတည်းသာလျှင် ဝတ်ပြုကိုးကွယ်ပိုင်ရန် အခွင့်အာဏာရှိသည်။ ဗတ္တိဇံ ဇရာယောဟန်သည် ယေရှုကြွလာတော်မူခြင်းအတွက် လူတို့ကို ပြင်ဆင်ပြီး "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ" (မဿဲ ၃း၂) ဟုသော သတိပေးခဲ့သည်။ ယေရှုသည် "ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ" (မဿဲ ၄း၁၇) ဟူသော နောင်တတရားကို ဟောပြောခြင်းဖြင့် သူ၏ အမှုတော်ဆောင်ခြင်းကို စတင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရှင်ဘုရင်ယေရှု၌ (ထင်ရှား)လာခဲ့သည်။

ယေရှု၏ နှုတ်ထွက်စကားနှင့် လုပ်ဆောင်မှုများသည် ဘုရားသခင်၏ နိုင်ငံတော်ကို သရုပ်ပြသည်။

## ယေရှု၏ နှုတ်ထွက်စကားများ

နိုင်ငံတော်အကြောင်းကို နားလည်နိုင်စေရန် ပုံဥပမာများကို ပြောပြခဲ့သည်။ မဿဲ ၁၃ နောင်တတရားအားဖြင့် ကျွန်တော်တို့သည် နိုင်ငံတော်သို့ ဝင်ရမည်ဟု သွန်သင်ခဲ့သည်။ မာသဲ ၄း၁၇ ဘုရားသခင်၏ နိုင်ငံတော်သည် အတွင်း(ထဲ)၌ ရှိသည်ဟု ပြောဆိုခဲ့သည် (လုကာ ၁၇း၂၁)။ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရောက်နိုင်ရန် ကျွန်တော်တို့သည် ဒုတိယအကြိမ်မွေးဖွားခြင်း ခံရမည် (ယော ၃း၃-၅)။

ကျွန်တော်တို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို ရှေးဦးစွာရှာရမည်။ ဤအရာသည် ကျွန်ုပ်တို့အသက်တာတွင် ပထမဦးစားပေးရမည့်အရာဖြစ်သည် (မဿဲ ၆း၃၃)။ ဘုရားသခင်၏ အလိုတော်ကို နာခံခြင်းသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်ရန် ကြိုတင်လိုအပ်ချက်တစ်ခုအဖြစ် မရှိမဖြစ်လိုအပ်ကြောင်း ယေရှုသွန်သင်ပေးခဲ့သည်(မဿဲ ၇း၂၁)

## သူ၏လုပ်ဆောင်ချက်များ

ယေရှုသည် နတ်ဆိုးများလက်မှ လွတ်မြောက်ခြင်းနှင့် အနာရောဂါငြိမ်းစေခြင်းများဖြင့် ဘုရားသခင်၏ နိုင်ငံတော်ကို ပြသခဲ့သည် (မဿဲ ၁၂း၂၈)။

၁ကော ၄း၂၀ "အကြောင်းမူကား ဘုရားသခင်၏နိုင်ငံတော်သည် စကား၌တည်သည်မဟုတ်၊ တန်ခိုး၌တည်၏" ရောမ ၁၄း၁၇ တွင် နိုင်ငံတော်သည် "သန့်ရှင်းသောဝိညာဉ်တော်" နှင့် ထိုတန်ခိုးတော်သည် ဝိညာဉ်တော်၏ ဆုကျေးဇူးတော်အားဖြင့် ဆောင်ရွက်လျက်ရှိ၏။ ကျွန်တော်တို့သည် နိုင်ငံတော်၏အသီးများကို ပေါက်ဖွားစေရမည်။ (မဿဲ ၂၁း၄၃)။

ယေရှုခရစ်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ပြန်တက်ခြင်းတို့သြည် ကျွန်ုပ်တို့အား နိုင်ငံတော်၏ လက်နက်များအဖြစ် ထမြောက်စေခဲ့သည်။ ကျွန်တော်တို့သည် "လူမျိုးအပေါင်းတို့အား" နိုင်ငံတော်၏ ဧဝံဂေလိတရားကို ဟောပြောရမည် (မဿဲ ၂၈း၁၉)။ နိမိတ်လက္ခဏာများဖြင့် ဝေနေယျသတ္တဝါအပေါင်းတို့အား" ဟောပြော၍ (မာကု ၁၆း၁၅)။ "ထိုအခါ အဆုံးသည်လာလိမ့်မည်" (မာသဲ ၂၄း၁၄)။ ဘုရားသခင်၏နိုင်ငံတော်သည် နတ်ဆိုးတန်ခိုး၏ နိုင်ငံတော်ကို အစားထိုးသည် (၂ကော၁၀း၃-၆၊ ဖိလိပ္ပိ ၂း၉-၁၁၊ ဖေက် ၃း၈-၁၁)။

ယေရှုကို လူသားအားလုံး၏ တန်ခိုးရှိသမျှတို့က ချီးမြှောက်မည်ဖြစ်သည် (ဗျာဒိတ် ၁၁း၁၅)။ ဤသည်မှာ ကျွန်တော်တို့ ဆုတောင်းနေသည့် နိုင်ငံဖြစ်သည်-"သန့်ရှင်းသော ဝိညာဉ်တော်၌ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းတည်းဟူသော" ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည် (ရောမ ၁၄း၁၇)။

**မေးခွန်း၄)** အဆုံးသည် မည်သည့်အချိန်၌ ရောက်လာမည်နည်း။ (၁ကော ၁၅း၂၄) ကိုကြည့်ပါ။
နိုင်ငံတော်ကို မည်သူက အမွေခံမည်နည်း (မဿဲ ၂၅း၃၄)။

## ဃ။ ဘုရားသခင်၏ အလိုတော်ပြည့်စုံရန် ကျွန်တော်တို့ ဆုတောင်းသည်။

"အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" ကျွန်တော်တို့သည် သူ၏ နှုတ်ကပတ်တော်-သမ္မာကျမ်းစာ၌ ဘုရားသခင်၏ အလိုတော်ကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိနိုင်သည်။ နိုင်ငံတော်နှင့် ကိုယ်တော်၏သန့်ရှင်းသူတို့အတွက် ဘုရားသခင်၏ မူလအလိုတော်ကို ကျွန်တော်တို့မြင်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့၏ စိတ်များကို အသစ်တဖန် ပြောင်းလဲစေခြင်းဖြင့် ကျွန်တော်တို့သည် "ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း" (ရောမ ၁၂း၂)။ ကျွန်တော်တို့သည် "ဘုရားသခင်၏ အလိုတော်ရှိရာကို ပိုင်းခြား၍သိသောသူ ဖြစ်ကြလော့" )(ဧဖက် ၅း၁၇)။

ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့သည် ဖွင့်ပြပေးခြင်း ရရှိသည်ဖြစ်၍ ကျွန်တော်တို့သည် ယေရှုနှင့်ပိုတူလာပြီး ဘုရားသခင်၏အလိုတော်သည် မြေကြီးပေါ်တွင် ပြည့်စုံလာသည်။ ၂ပေ ၁း၃-၄ "ထိုသို့နှင့်အညီ ငါတို့ကို ဘုန်းတန်ခိုးတော်နှင့် ခေါ်တော်မူသော ဘုရားကို သိသောဉာဏ်အားဖြင့်၊ ငါတို့အား အသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် စပ်ဆိုင်သော အရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ။ ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍ အဖိုးထိုက်သော ကတိများကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုကတိတော်များကို အမှီပြုလျက် သင်တို့သည် လောကီတပ်မက်ခြင်း၊ အညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရားပကတိကိုဆက်ဆံရသောသူ ဖြစ်ကြမည်အကြောင်းတည်း"။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ၏အလိုတော်ကို ဖော်ပြသည်-

အခွင့်အာဏာရှိခြင်း ၁တိ ၂း၁-၆

အားလုံးကယ်တင်ခြင်း ရရှိရန် ၁တိ ၂း၄၊ ၂ပေ ၃း၉

သူ့နောက်လိုက်သောသူသည် "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ပတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့" (မဿဲ ၂၈း၁၉-၂၀)။

ယေရှုသည် ဘုရားသခင်၏ အလိုတော်ကို နာခံသည်။

ယေရှုက သူပြောသမျှနှင့် လုပ်ဆောင်သမျှသည် ခမည်းတော်၏ အလိုတော်နှင့်အညီ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြသည်။ (ယော ၅း၁၉၊ ၁၄း၁၀ခ)

ယေရှုသည် သူ၏အကြောင်းကို မည်ကဲ့သို့ပြောသနည်း (ယော ၆း၃၈-၄၀)

ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့သည် သီးခြားလိုများနှင့် သီးခြားအခြေအနေများအတွက် ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားသိမြင်ရန် ကြိုးစားကြသည်။ ၎င်းသည် ဘုရားသခင်၏ အလိုတော်ကို ထင်ရှားစေသည့် တည်မြဲသောစကားလုံးဖြစ်ပြီး (ယော ၁၅း၇)၊ ယေရှုက သူ၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ထုတ်ဖော်ပြသ

မည်ဟု ကတိပြုခဲ့သည် (ယော ၁၆း၁၅)။

**မေးခွန်း၅)** ဘုရားသခင်၏ အလိုတော်ကို ကျွန်တော်တို့သည် မည်ကဲ့သို့သိရှိနိုင်သနည်း။
င။ ကျွန်တော်တို့၏ လိုအပ်ချက်များအတွက် ဘုရားသခင်အား ကျွန်တော်တို့တောင်းဆိုသည်။
"အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ"။
ကျွန်တော်တို့၏ နေ့စဉ်အစာသည် မည်သည့်အရာဖြစ်သနည်း။ ကျွန်ုပ်တို့၏ ယာယီလိုအပ်ချက်များကို မစိုးရိမ်ရန် ယေရှုက ကျွန်တော်တို့အား ပြောထားသည် (မဿဲ ၆း၂၅-၃၂)။ ကျွန်တော်တို့သည် သူ၏ နိုင်ငံတော်ကို ဦးစွာရှာလျှင် အခြားအရာအားလုံးကို ကျွန်တော်တို့ထံ ထပ်လောင်းပေးမည်ဟု ကိုယ်တော်ကတိပြုထားသည်။ ယယ်၃၃
စစ်မှန်သော အသက်မုန့်သည် လူပုဂ္ဂိုလ်ဖြစ်သည်။
ယော ၆း၃၃ "ဘုရားသခင်၏ မုန့်မူကား၊ ကောင်းကင်မှဆင်းသက်၍ လောကီသားတို့အား အသက်ကိုပေးသော မုန့်ပေတည်း"။ ယေရှုသည် အသက်မုန့်ဖြစ်သည်။ ကျွန်တော်တို့သည် ကိုယ်တော်၏ အသက်ကို နေ့စဉ်စားသောက်ရမည် (ယော ၆း၅၀-၅၆)။ ယေရှုက "ငါပြောသောစကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်းဖြစ်၏"(ယော ၆း၆၃)။
မုန့်သည် သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဝိညာဉ်အစာအတွက် သင်္ကေတအဖြစ် မကြာခဏအသုံးပြုသည်။ မုန့်စားပွဲ၊ ပသခါမုန့် (ယခုတွင် ပွဲတော်မင်္ဂလာမုန့်) ယောဘက "နှုတ်တော်ထွက် စကားတို့ကို ငါ့ရင်ခွင်၌ ဆိုထားပါ၏" (ယောဘ ၂၃း၁၂)
ဘုရားသခင်ပေးသော စည်းစိမ်ဥစ္စာများကို စားသုံးရန် ကျွန်ုပ်တို့အာ ဖိတ်ခေါ်ပါသည်။ "အစာမဟုတ်သော အရာဘို့ သင်တို့ ငွေကိုဎင်း၊ အမွတ်မပြေနိုင်သော အရာဘို့ သင်တို့ဥစ္စာကိုဎင်း၊ အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကားကို စေ့စေ့နားထောင်လျက်၊ ကောင်းသောအစာကို စားကြလော့။ သင်တို့၏ ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကိုယ်မိမိ မွေ့လျော်စေလိမ့်မည် "ယေရှာယ ၅၅း၂)။
ဆုတောင်းခြင်းဖြင့် သင်၏ ဝိညာဉ်ရေးအစာအတွက် ဘုရားသခင်ကို နေ့စဉ်တောင်းခံပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့၏ စိတ်ဝိညာဉ်များကို ကျွေးမွေးရန်အတွက် အစာဖြစ်သည်။
သူ၏နှုတ်ကပတ်တော်သည် အခြားသူများ၏ အသက်တာတွင် ကြဲရမည့် မျိုးစေ့လည်းဖြစ်သည်။ ၎င်းသည် "မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုဎင်း၊ အစာစားသောသူအား အစာကိုဎင်း၊ ပေးမည့်အကြောင်း" (ဟေရှာယ ၅၅း၁၀)။

## လက်တွေ့လိုအပ်ချက်များ

ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားသခင်သည် ကျွန်တော်တို့၏ နေ့စဉ်လိုအပ်ချက်များအတွက် အစားအသောက်၊ အဝတ်အစားနှင့် ခိုလှုံရန်အိမ်များအတွက် ကတိပြုထားခဲ့ပြီး၊ သူ၏ သားသမီးများအနေဖြင့် ကျွန်တော်တို့၏ နေ့စဉ်လိုအပ်ချက်များကို ယုံကြည်စိတ်ချစွာ တောင်းခံနိုင်ပါသည်။ ကလေးတိုင်းအတွက် ပညာရေးသည် ဈေးကြီးပြီး၊ အလွယ်တကူမရနိုင်သည့် ဖွံ့ ဖြိုးဆဲနိုင်ငံများတွင်၊ ကျွန်တော်တို့၏ ကလေးများအားလုံးတွင် အခြေခံပညာရေးအတွက် ဘုရားသခင်ကို ကျွန်တော်တို့ ယုံကြည်သင့်သည်။

## စ။ ခွင့်လွှတ်ခြင်းတရားကို ကျွန်တော်တို့ရှာဖွေသည်။

"သူတစ်ပါးသည်အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏

အပြစ်များကို လွှတ်တော်မူပါ။

အခြားသူများကို ခွင့်လွှတ်ခြင်းသည် မိမိကိုယ်ကို ခွင့်လွှတ်ခြင်းအတွက် အခြေခံကျကြောင်း ကျွန်ုပ်တော်တို့ အသိအမှတ်ပြုပါသည်။ ယေရှုသည် (မာသဲ ၆း၁၄-၁၅)၊ (မာကု၁၁း၂၅-၂၆) ကို အလေးအနက်ဖော်ပြ၍ ပုံဥပမာတွင် ဤခွင့်လွှတ်ခြင်းအကြောင်းကို အလေးထားဖော်ပြသည် (မာသဲ ၁၈း၂၁-၃၅)။

လူတစ်ဦးသည် သူတို့ကို ထိခိုက်နာစေသော တစ်စုံတစ်ဦး သို့မဟုတ် သူတို့ကို တစ်စုံတစ်ရာ အကြွေးတင်သည်ဟု ခံစားသူတစ်ဦးကို ခွင့်လွှတ်သည့်အခါ အနာရောဂါငြိမ်းစေခြင်းကို အကြိမ်များစွာ ရောက်ရှိလာပါသည်။ နာကျင်စေခြင်း သို့မဟုတ် မတရားအနိုင်ကျင့်ခြင်း အမှုများသည် အလွန်ကြီးမားသည့် အခြေအနေရှိသည့်အခါ၊ ထိုသူတို့အား ခွင့်လွှတ်နိုင်စေရန် ဘုရားသခင်ထံမှလာသော အထူးကျေးဇူးတော် လိုအပ်ပါသည်။ ကျွန်ုပ်တော်တို့သည် ခွင့်လွှတ်ရန်ရွေးချယ်သောအခါ ဘုရားသခင်သည် ကျွန်ုပ်တော်တို့၏ ခွင့်လွှတ်ခြင်းကို အမှန်တကယ်ဖြစ်လာစေရန် ဤကျေးဇူးတော်ကို ပေးတော်မူသည်။ ခွင့်လွှတ်ခြင်းဆိုသည်မှာ အမှားလုပ်မိသည်ကို သဘောတူသည်ဟု မဆိုလိုပါ။ ဘုရားသခင်သည် အပြစ်ကို မုန်းသော်လည်း အပြစ်သားကို ခွင့်လွှတ်သည်။

ကျွန်ုပ်တော်တို့သည် လက်ဝါးကပ်တိုင်ကို ဗဟိုပြုသောအခါ ယေရှုသည် လောကသားအားလုံး၏ အပြစ်အတွက် အသေခံခဲ့သည်ကို ကျွန်ုပ်တော်တို့တွေ့မြင်ရပါသည်။ ထိုအထဲတွင် ကျွန်ုပ်တော်တို့အပေါ် ကျူးလွန်ခဲ့သော အပြစ်လည်းပါဝင်သည်။

**မေးခွန်း၆)** ထာဝရဘုရားရှေ့တော်၌ သင်၏စိတ်နှလုံးကို စပ်ကြောရန် အချိန်ယူပါ။ ခွင့်လွှတ်ပေးရမည့်သူရှိပါသလား။ ခွင့်မလွှတ်နိုင်စေရန် အတားအဆီး တစ်စုံတစ်ရာရှိပါသလား။ သင့်ကို ကူညီပေးရန် ဘုရားသခင်ကို တောင်းဆိုပါ။

## ၈။ လမ်းညွှန်မှုအတွက် ကျွန်ုပ်တော်တို့တောင်းလျှောက်သည်။

"အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ"

ဘုရားသခင်သည် ကျွန်ုပ်တို့ကို မသွေးဆောင်ပါ။

"လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏ (၁ယော ၂း၁၆)။

"ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျင့်သောသူကား၊ နိစ္စထာဝရတည်၏" (ငယ် ၁၇)

"ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည့်နည်းတူ။ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွှတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုငင်၊ တော်လျော်သော မစခြင်းကျေးဇူးတော်ကိုငင်း ခံရမည့်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၅-၁၆)။

**မေးခွန်း (၇၊က)** ကျွန်ုပ်တော်တို့သည် မည်သို့သွေးဆောင်ခြင်းခံရသနည်း။

**(၇၊ခ)** ပေါလုသည် တိမောသေအား မည်သို့အကြံဉာဏ်ပေးသနည်း။

**ဆ။ မကောင်းသောအရာမှ ကယ်လွှတ်ရန် ကျွန်တော်တို့ ဆုတောင်းသည်။**

"မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။"

ယေရှုသည် ကျွန်ုပ်တို့၏ အကွယ်အကာအတွက် ဆုတောင်းခဲ့သည်။ ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ်တောင်းသည်မဟုတ်ပါ။ မကောင်းသောအမှုအရာနှင့်ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူမည့်အကြောင်းကိုသာ တောင်းပါ၏" (ယော ၁၇း၁၅)။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်တော်တို့၌တည်နေ၍ ကျွန်တော်တို့သည် သိုးသူငယ်၏ အသွေးအားဖြင့် အောင်နိုင်သည် (ကာရာနီတွင် ကျွန်ုပ်တို့အတွက် ယေရှုပြီးမြောက်ကြောင်းကို သိရှိခြင်း) နှင့် ကျွန်ုပ်တို့၏ သက်သေခံချက် (အခြားသူများကို ကျွန်ုပ်တို့အတွက် သူလုပ်ပေးသော အရာများကို ပြောပြခြင်း၊ သို့မဟုတ် နှုတ်တော်ထွက်စကားဖြစ်သော နှုတ်ကပတ်တော်အတိုင်း ဝန်ခံခြင်း၊ မဿဲ ၄း၄၊၇၊၁၀ ယေရှုသည် သဲကန္တာရ၌ သွေးဆောင်ခြင်းခံရသောအခါ)။ ကျွန်တော်တို့သည် စုံစမ်းသွေးဆောင်ခြင်းခံရသောအခါ လွတ်မြောက်ရာလမ်းကို တောင်းလျှောက်ပါ (၁ကော ၁၀း၁၃)

ရောမ ၈း၃၃-၃၄ "ဘုရားသခင်ရွေးကောက်တော်မူသော သူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသောသူကား ဘုရားသခင်ပေတည်း။ အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှ ထမြောက်စေ၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေလျက်၊ ငါတို့အဘို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း"။

**မေးခွန်း၈)** မာနတ်၏ သွေးဆောင်ခြင်းခံရသောအခါ ကျွန်တော်တို့သည် မည်ကဲ့သို့ ပြုကြမည်နည်း။ ယာကုတ် ၄း၇-၈

ကျွန်တော်တို့သည် ဘုရားသခင်ပေးထားသော လက်နက်များကို အသုံးပြုသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် "ရဲတိုက်များကို ဖြိုဖျက်ခြင်းတွင် ဘုရားသခင်၌တန်ခိုးကြီးသောကြောင့်" ဖြစ်သည် (၂ကော ၁၀း၄)။ ကျွန်တော်တို့ယူဆောင်သည်မှာ- "ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏" (ငယ် ၅)

ကျွန်တော်တို့ အသုံးပြုသည်မှာ- "ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်၏ ထားကိုင်င်း ယူကြလော့ (ဧဖက် ၆း၁၇)။

နတ်ဆိုး၏ လိမ်လည်မှုအားလုံးကို ကျွန်တော်တို့ ငြင်းပယ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို ကိုးစားသည့်အားလျော်စွာ မကောင်းသောအရာ(နတ်ဆိုး)၏ လက်မှ ကယ်လွှတ်ပါသည်။

**မေးခွန်း(၉၊က)** ခရစ်တော်ယေရှုအပေါ် ကျွန်တော်တို့၏ စိတ်ချယုံကြည်မှုအား အဘယ်နည်း။ (၁ယော ၅း၁၈-၂၀)

**(၉၊ခ)** မည်သူသည် လောကကို အောင်သနည်း။ (၁ယော ၅း၅)

ကျွန်တော်တို့သိရှိသည်မှာ

-ကျွန်တော်တို့၏ အပြစ်များသည် ခွင့်လွှတ်ပြီးဖြစ်သည်။

-ကျွန်တော်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်။

-ကျွန်တော်တို့သည် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်အတူ ထိုင်ခဲ့ပြီးဖြစ်သည်။

-ယေရှုသည် ကောင်းကင်ဘုံမှ ကျွန်တော်တို့အတွက် ဆုတောင်းပေးသည်။

-သူ၏အသွေးတော်သည် ဂရုဏာပလ္လင်ပေါ်တွင်ရှိသည်။
ယေရှုပြုသောအမှုတို့ကို ကျွန်တော်တို့မြင်ရ၍ သူ့ကို ဗဟိုပြုသည့်အတိုင်း ယေရှုသည် မကောင်းသောအရာ၏ တန်ခိုးအားလုံးကို အောင်နိုင်ခဲ့ပြီ။
* ကျွန်ုပ်တို့ အားမကောင်းသောအရာလက်မှ ကယ်တင်ရန် သူ၏ကြီးမြတ်သောတန်ခိုးကို အသိအမှတ် ပြုသည်။
* ဤသမ္မာတရားများကို အသိအမှတ်ပြု၍ "အကောင်းအားဖြင့် အဆိုးကို နိုင်သည်" (ရောမ ၁၂း၂၁)။

၉။ ကျွန်တော်တို့သည် ကိုးကွယ်ခြင်းဖြင့် အဆုံးသတ်သည်။
"အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏ အာမင်"။
ကျွန်တော်တို့သည် ဘုန်းအသရေရှိသမျှကို ပေး၍ ထာဝရဘုရားကို ချီးမွမ်း၍ ဂုဏ်တော်ကို ချီးမြှောက်သည်။
ကျွန်တော်တို့သည် ဘုရားသခင်၏နိုင်ငံတော်ထဲတွင် ဝင်ရောက်ပြီဖြစ်၍၊ သူ၏တန်ခိုးတော်ကို တွေ့ကြုံခံစားသည်သာမက၊ သူ၏ ဘုန်းတန်ခိုးတော်ကို ချီးမြှောက်မည်။
ကျွန်တော်တို့သည် အနန္တတန်ခိုးရှင် ဘုရားသခင်နှင့် မိသားစုဆက်ဆံရေးသို့ ဝင်ရောက်ခဲ့ပြီဖြစ်ပြီး ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော်ဘုရားကို ကျွန်တော်တို့ ကိုးကွယ်သည်။
ဘုရားသခင်၏ နိုင်ငံတော်သည် မြေကြီးပေါ်တွင် ပြည့်စုံရန် ကျွန်တော်တို့ ရှာဖွေနေပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ အလိုတော်ကို သိကျွမ်းခြင်းတွင် ကြီးထွားရန်ဖြစ်ပြီး၊ ထာဝရဘုရားသခင်သည် မြေကြီးပေါ်၌ ဆုတောင်းခြင်းဖြင့် သူ၏အလိုတော်ကို အကောင်အထည်ဖော်ဆောင်မည့် ယာဉ်တစ်စီးအဖြစ် ကျွန်တော်တို့ကို အသုံးပြုလိုသည်။
"အကောင်းဆုံးဂျုံ" ကို ကျွန်ုပ်တို့အား ကျွေးမွေးထားသည်။
ကျွန်တော်တို့သည် အပြစ်အားလုံးအတွက် နောင်တရပြီး၊ အခြားသူများကို ခွင့်လွှတ်နိုင်သည့် အခြေအနေတွင် ရှိသည့်အခါ ဘုရားသခင်၏ ခွင့်လွှတ်မှုကို ကျွန်တော်တို့ရရှိသည်။ ကျွန်ုပ်တို့၏ အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းသည့် ဘုရားက ကျွန်တော်တို့ကို လမ်းပြပေးသည့်အတိုင်း စုံစမ်းသွေးဆောင်ခြင်းကို ရှောင်ကြဉ်ပြီး၊ သူ၏နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့ကို သတိပေးသည်။ ကျွန်တော်တို့သည် လိုအပ်သော စစ်ပွဲထဲသို့ ဝင်ရောက်သည်။
ကျွန်တော်တို့သည် ကြီးမြတ်သောဘုရားသခင်နှင့် ဘုရင်ကို ရွှင်လန်းစွာ ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဆုတောင်းခြင်းကို အဆုံးသတ်ပါသည်။

## မေးခွန်း၁၀) တစ်ဦးချင်းလေ့ကျင့်ခန်း

တိတ်ဆိတ်သည့်နေရာကို တစ်ဦးတည်းသွားပါ။ အခန်းငယ်တစ်ခုစီကြားတွင် နေရာလွတ်ချန်ထားကာ ပဋ္ဌနာတော်ဆုတောင်းချက်ကိုရေးပါ။ ထိုနေရာလွတ်တွင် အတွေးများမှတ်စု၊ ဆုတောင်းချက်များ၊ ကျမ်းချက်များနှင့် သင့်ထံသို့ရောက်လာသည့် အခြားအရာများကို မှတ်သားထားပါ။ ဤဆုတောင်းခြင်းလေ့ကျင့်ခန်းကို သင်လုပ်ဆောင်နေစဉ်တွင် ဘုရားသခင်နှင့် စကားပြောပါ။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်ဆက်သွယ်ခြင်း၊ နှစ်လမ်းသွားဆွေးနွေးခြင်းဖြစ်သည်ကို သတိရပါ။ သင်သည် ယေရှုသွန်သင်ပေးသော ပဋ္ဌနာဆုတောင်းခြင်းဖြင့် သင်ဆုတောင်းနေစဉ်တွင် သူသည် သင့်အား စကားပြောဆိုရန်နှင့် လမ်းပြပေးရန် ဘုရားသခင်အား တောင်းလျှောက်ပါ။

သင်ခန်းစာ (၄)

## နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်း

### တည်မြဲသော နှုတ်ကပတ်တော်

ယော ၁၅း၁၇ တွင် ယေရှုက "သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။" ယေရှုသည် ဆုတောင်းချက်အဖြေ အတွက် အဖွင့်လက်မှတ်တစ်စောင်ကို ပေးထားသည်။ သို့သော်လည်း ဤအဖွင့်လက်မှတ်သည် ကျွန်တော်တို့၌ ခရစ်တော်တည်နေခြင်းနှင့် သူ၏နှုတ်ကပတ်တော် (နှုတ်တော်ထွက်စကား) ကျွန်တော်တို့အထဲ၌ တည်နေခြင်း တို့အပေါ်တွင် ကန့်သတ်ချက်ရှိပါသည်။

ထိုသို့သော ဆုတောင်းခြင်း၏ ရလဒ်မှာ ခမည်းတော်သည် ဘုန်းထင်ရှားသည်။
ကျွန်တော်တို့သည် အသီးအပွင့်များဖြစ်သောကြောင့် ကျွန်ုပ်တို့၏ တပည့်တော်ဖြစ်ခြင်းကို
ပေးစွမ်းသည်။ (ငယ် ၈)။

### နှုတ်ကပတ်တော်နှင့် စကားတော် (Logos and Rhema)

ဓမ္မသစ်ကျမ်းတွင် ယေဘူယျအားဖြင့် တူညီသော အင်္ဂလိပ်စကားလုံးဖြင့် ဘာသာပြန်ထားသော ဂရိစကားလုံးနှစ်လုံးပေါ်လာသည်။ အင်္ဂလိပ်ဘာသာ ပြန်ဆိုရာတွင် ဂရိစကားလုံးများသည် Logos (နှုတ်ကပတ်တော်)နှင့် Rhema (စကားတော်) ဖြစ်ပါသည်။

ယော ၁း၁။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏ (နှုတ်ကပတ်တော်) ..." ဤနေရာ၌ နှုတ်ကပတ်တော်သည် ယေရှုကို ရည်ညွှန်းခြင်းဖြစ်သည်။ အခြားအခန်းငယ်များစွာတွင် Logos ဖြစ်သည့် နှုတ်ကပတ်တော်ကို အသုံးပြုပြီး "စကား"ဟု ဘာသာပြန်ထားသည် (အကြိမ်ရေ ၂၀၀ခန့်ရှိ)။ ထို့အပြင် Logos (နှုတ်ကပတ်တော်)ကို ဆက်သွယ်ခြင်း၊ အယူဝါဒ၊ မေးခွန်းများကဲ့သို့သော အခြားစကားပုံ ဆယ့်ရှစ်လုံးအထိ အခြားသော အင်္ဂလိပ်စကားများဖြင့် ဘာသာပြန်ဆိုထားသည်။ Logos (နှုတ်ကပတ်တော်)သည် ကျွန်တော်တို့အတွက် စုပေါင်းမှတ်တမ်းတင်ထားသော "ဘုရားသခင်၏ နှုတ်ကပတ်တော်" ဖြစ်သည့် သမ္မာကျမ်းစာကို ရည်ညွှန်းသည်။

မဿဲ ၄း၄တွင် ယေရှုက "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်၊ ဘုရားသခင် မိန့်တော်မူသမျှ (Rhema စကားတော်) အားဖြင့် အသက်ကိုမွေးရမည်။ ဤနေရာတွင် ဘုရားသခင်သည် Rhema (စကားတော်) ဟူသော စကားလုံး၏ ရှင်းလင်းချက်ကို ပေးထားသည်။ ထိုစကားတော်သည် ယခုပြောသော ဘုရားသခင်၏ နှုတ်တော်မှ ထွက်သော စကား၊ အရှိန်မြင့်လာသော စကားဖြစ်သည်။

ဥပမာ-

ရောမ ၁၀း၁၇ - "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော် (Rhema) အားဖြင့်ဖြစ်၏။ (ဘုရားသခင်၏ စကားတော်)"။

လုကာ ၁း၃၈ တွင် မာရိက ကောင်းကင်တမန်ထံသို့ ပြန်လည်ဖြေကြားသည်မှာ "ကိုယ်တော်၏စကားအတိုင်း အကျွန်ုပ်၌ ဖြစ်ပါစေသား"

ရောမ ၁၀း၁၈ "တရားတော်သည် သင်နှင့်နီး၏။ သင်၏ နှုတ်၌ရှင်း၊ သင်၏ နှလုံး၌ရှင်းရှိသည်။"

**မေးခွန်း ၁ (က)** နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်းအတွက် ယေရှုပေးခဲ့သော သော့ချက်ကား အဘယ်နည်း။

**၁ (ခ)** သင်သည် ဘုရားသခင်ထံမှ "Rhema စကားတော်" ဖြစ်သည့် နှုတ်ကပတ်တော်ကို ယခင်က ရရှိခဲ့ဖူးပါသလား။ ကျေးဇူးပြု၍ မျှဝေပါ။

## နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်း

နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်းသည် စည်းကမ်းရှိစွာ သင်ယူခြင်းလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး၊ ဘုရားသခင်၏ အလိုတော်အကြောင်း အသိပညာကို ပွင့်ပွင့်လင်းလင်း ဖော်ပြခြင်းလည်းဖြစ်သည်။ လုပ်ငန်းစဉ် နှင့် လွတ်မြောက်ခြင်းတို့သည် အတူတကွ ပြည့်စုံပြီး၊ ဆုတောင်းခြင်း၏ ဆုလက်ဆောင်ကို ဖန်တီးပေးသည်။ စတင်ရန် ရိုးရှင်းသောနည်းလမ်းမှာ သင်သည် ဘုရားသခင်နှင့် အချိန်ယူသည့်အခါ၊ ဖြစ်နိုင်သည့် အခါတိုင်း သမ္မာကျမ်းစာကို အသံထွက်ဖတ်ရန်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကျွန်တော်ကိုယ်တိုင် ဤကဲ့သို့ လုပ်ဆောင်ပြီး၊ ကျမ်းချက်များကို ကျယ်လောင်စွာ ဖတ်ရွတ်ပြီး၊ နှုတ်ကပတ်တော်ကို ဖတ်ရှုကြားနာရင်း ဘုရားသခင်သည် ကျွန်ုပ်ကို စကားပြောလိမ့်မည်။

## မည်သို့လုပ်ဆောင်နိုင်သနည်း

မနက်စောစော ဆုတောင်းခြင်းအစီအစဉ်တစ်ခုကို ဦးဆောင်ရန် ကားမောင်းသည့်အခါ ဘုရားသခင်၏ ချပ်ဝတ်တန်ဆာတစ်ခုလုံးကို ဆုတောင်းခြင်းဖြင့် ဝတ်ဆင်ခဲ့သည်။ (ဧဖက် ၆း၁၃)။ ယုံကြည်ခြင်း ဒိုင်းလွှားကိုယူလိုက်စဉ်တွင် ၊ ကျွန်တော့်မိသားစုသည် ယေရှုခရစ်ကို ယုံကြည်ကြောင်း ဝန်ခံပြီး မိသားစုတစ်ဦးချင်းစီ အကြောင်းကို ဘုရားသခင်ထံ ပြောနေပါသည်။ (ကမ္ဘာ ၁၅း၁) တွင် ဘုရားသခင်သည် အာဗြဟံသံပြောသော စကားကို ချက်ခြင်းသတိရမိသည်။ "ငါသည် သင်၏ အကွယ်အကာဖြစ်၏"။ ဘုရားသခင် ကိုယ်တိုင်သည် ကျွန်တော်တို့၏ အကွယ်အကာဖြစ်ကြောင်း နားလည်သဘောပေါက်သဖြင့်၊ ယုံကြည်ခြင်း တည်းဟူသော အကာအကွယ်ကို ဝတ်ဆင်ခြင်းသည် ဘုရားသခင်ကို ကျွန်ုပ်၏ အကာအကွယ်အဖြစ် အမှန်တကယ် လက်ခံခြင်းဖြစ်သည်ကို ဤအရာက ကျွန်ုပ်အား စိတ်လှုပ်ရှားစေသည်။ ဘုရားသခင်နှင့် အနီးကပ်ဆုံးနေရခြင်းသည် ကျွန်ုပ်၏ အကွယ်အကာဖြစ်ဟူသောအရာသည် စိတ်လှုပ်ရှားစရာကောင်းသည်။ ဤထက်ပို၍ ဘုရားသခင်သည် အာဗြံအား မိသားစုတစ်ခု၏ ဖခင်အဖြစ် ခေါ်ဝေါ်ခဲ့သည်ကို ကျွန်တော် သတိရမိသည် (ကမ္ဘာ ၁၈း၁၉)။ ထို့နောက် ဘုရားသခင်က ငါသည် သင့်မိသားစုအတွက် အကွယ်အကာ တစ်ခုဖြစ်သည်ဟု ကျွန်ုပ်ကို စကားပြောနေသကဲ့သို့ ခံစားရသည်။ ကြီးစွာသော လွတ်မြောက်မှုနှင့် ပျော်ရွှင်မှုနှင့်အတူ ဘုရားသခင်သည် ကျွန်ုပ်မိသားစု၏ အကွယ်အကာဖြစ်ခြင်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်မိသည်။ ဤနားလည်သဘောပေါက်မှုကို ဆုတောင်းသည့်အဖွဲ့ထံ မျှဝေသည့်အခါ သူတို့သည် ခွန်အားရ၍ ကောင်းကြီးခံစားရသည်။

## ယုံကြည်ခြင်းသည် သော့ချက်ဖြစ်သည်

ဆုတောင်းခြင်းအကြောင်းကို ယေရှုသွန်သင်ပေးသည် (မာကု ၁၁း၂၂-၂၅)

(၁)။ သော့ချက်မှာ ဘုရားသခင်၌ ယုံကြည်ခြင်းဖြစ်သည်။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏" (ဟေဗြဲ ၁၁း၁)။

တစ်နည်းအားဖြင့်ပြောရလျှင် ယုံကြည်ခြင်းသည် ဘုရားသခင်ကို အခြေခံ၍ ယုံကြည်ခြင်းဖြစ်ပြီး သူ၏ နှုတ်ကပတ်တော်အကြောင်း ကျွန်တော်တို့အား ပြောပြသည့်အရာအပေါ် အခြေခံ၍ သူ၏အကြောင်းအရာနှင့် ဖော်ပြသည့်အကြောင်းအရာ ယုံကြည်ရန်ဖြစ်သည်။

(၂)။ ဒုတိယအချက်တွင် "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏" (ရောမ ၁၀း၁၇)။ သို့သော် ဤအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် စကားတော်ဖြစ်၍ သူ၏ စကားတော်၊ ကြားလိုက်သည့်အသံအား ယုံကြည်ခြင်းဖြစ်သည်။

(၃)။ ကျွန်တော်တို့ ဆုတောင်းသည့်အခါ တောင်းသောအရာကို ရရှိမည်၊ ပေးလိမ့်မည်ဟု ယုံကြည်ရသည်။ (မာကု ၁၁း၂၄)။ ကျွန်တော်တို့၏ စိတ်နှလုံးကို ယုံကြည်ခြင်းတိုးစေသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအတွက် ကျွန်တော်တို့ဆုတောင်းပါသည်။ ကျွန်တော်တို့သည် ယုံကြည်မှု ကန်းစွာဖြင့် ဆုမတောင်း ကြပါ။ သမ္မာကျမ်းစာအရ ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှ ကြားနာခြင်းကို အခြေခံသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ အလိုတော်၌ ဆုတောင်းသည်ကို ကျွန်တော်တို့သိရှိပြီး၊ ကိုယ်တော်သည် ကျွန်တော်တို့ ဆုတောင်းသံကို ကြားနာပြီး အဖြေပေးမည်ကို ယုံကြည်ရပါသည်။

**မေးခွန်း၂)။ သမ္မာကျမ်းစာအရ ယုံကြည်ခြင်းသည် အခြေခံသည့်အရာကား မည်သည့် အရာ ဖြစ်သနည်း။**

ထိရောက်သောဆုတောင်းခြင်းသည် ယုံကြည်ခြင်းဖြင့် ပြုလုပ်သော ဆုတောင်းခြင်းဖြစ်ပြီး၊ ကျွန်တော်တို့၏ နားလည်မှုဆီသို့ ဘုရားသခင်ထင်ရှားပေါ်လွင်ခြင်း သို့မဟုတ် ရှင်သန်ထမြောက်လာသည် နှင့်အမျှ ကျွန်တော်တို့၏ နှုတ်ကပတ်တော်ဆိုင်ရာ အသိပညာမှတဆင့် ယုံကြည်ခြင်းမှ ဆင်းသက်လာပြီး ကြီးထွားလာခြင်း ဖြစ်သည်။ အမှန်မှာ ကျွန်တော်တို့သည် သမ္မာကျမ်းစာဖြင့် ဆုတောင်းနေခြင်းဖြစ်သည်။

ကျွန်တော်တို့သည် ပဌနာဆုတောင်းခြင်းဖြင့် ဆုတောင်းသောအခါ ကျွန်တော်တို့သည် နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်းသာဖြစ်သည်။ အချို့သော ဖြစ်ရပ်များတွင် ကျမ်းပိုဒ်ကို ရွတ်ဆိုခြင်းဖြင့် ဆုတောင်းပါသည်။ ဆိုလိုသည်မှာ ကျမ်းပိုဒ်တစ်ခုစီ၏ ဆိုလိုချက်ကို နားလည်သဘောပေါက်ပြီး၊ ထိုနားလည် သဘောပေါက်မှု အလင်းတွင် ဆုတောင်းလျှင် ပို၍ထိရောက်သည်။

## ကျွန်တော်တို့သည် မည်ကဲ့သို့ ဆုတောင်းကြသနည်း

ကျမ်းစာထဲတွင် မရေမတွက်နိုင်သော အစပြုခြင်းအချက်များစွာ ပါရှိသည်။ (ရောမ၁၂း၁-၃) မှ ကျွန်တော်တို့ စတင်ကြပါစို့။

**၁။ သင်၏ ခန္ဓာကိုယ်ကို ဆက်သပါ။**

ကျွန်တော်တို့၏ ခန္ဓာကိုယ်ကို အသက်ရှင်၍ သန့်ရှင်းသောယဇ်အဖြစ် ပူဇော်ရန် သမ္မာကျမ်းစာမှ ပြောထားသည်။ ဤသည်မှာ ကျွန်တော်တို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ ကိုးကွယ်မှု အနည်းဆုံးဖြစ်သည်။ သမ္မာကျမ်းစာ၏ စကားလုံးများထက် ဆုတောင်းရန် သာလွန်ကောင်းမွန်သော စကားလုံးများ ကျွန်တော် မတွေ့ရပါ။ "ဘုရားသခင်၊ ကိုယ်တော်၏ ကရုဏာတော်အားဖြင့် အသက်ရှင်သော ယဇ်ကောင်အဖြစ်၊ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးကို ပူဇော်ပါ၏။ အကျွန်ုပ်သည် ကိုယ်တော်အတွက် သန့်ရှင်း၍ လက်ခံတော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်သည်။ ဘုရားသခင်၊ ကိုယ်တော်ကို အကျွန်ုပ်ကိုးကွယ်ပါ၏"။

**မေးခွန်း(၃) သမ္မာကျမ်းစာအတိုင်း ကျွန်တော်တို့၏ ကိုယ်ခန္ဓာကို ပူဇော်သောအခါ ကျွန်တော်တို့ကို ဘုရားသခင်လက်ခံကြောင်း သိမြင်နိုင်ပါသလား။ ကျေးဇူးပြု၍ မှတ်ချက်ပေးပါ။**

## ၂။ သင်၏ အတွေးအခေါ်ကို ပြောင်းလဲပါ။

အခန်းငယ် ၂က ကျွန်တော်တို့၏ စိတ်ကို အသစ်တစ်ဖန်ပြောင်းလဲခြင်းဖြင့် အသွင်ပြောင်းရန် ပြောထားသည်။ ဤသည်မှာ လောက၏ အတွေးအခေါ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်အား အသစ်သောစိတ်ဝိညာဉ်ပေးဆောင်သည်ကို ကျွန်တော်အသိအမှတ် ပြုပါသည် (ဖေက် ၄း၂၃)။ ဤဝိညာဉ်တော်သည် ချစ်ခြင်းမေတ္တာ၊ တန်ခိုးနှင့်ခိုင်ခံသော စိတ်ရှိသောကြောင့် သူ့ကို ကျေးဇူးတင်သည် (၂တိ ၁း၇)။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တွေးတောဆင်ခြင်ခြင်းဖြင့် ကျွန်ုပ်၏ စိတ်အား ပြန်လည်ဆန်းသစ်လာသည်နှင့်အမျှ ဘုရားသခင်၏ အလိုတော်သည် အဘယ်အရာဖြစ်သည်ကို ကျွန်တော် သက်သေပြနိုင်ခဲ့သည် (ရောမ ၁၂း၂)။

## ဘုရားသခင်၏ အလိုတော်ကို မည်ကဲ့သို့ကျွန်တော်သိနိုင်သနည်း။

နှုတ်ကပတ်တော်၏ အသိပညာတိုးပွားလာခြင်းအားဖြင့်ဖြစ်သည်။ ဤသည်မှာ ကျွန်တော်သည် နှုတ်ကပတ်တော်ကို ပြန်လည်ရွတ်ဆိုနိုင်ခြင်းကို မဆိုလိုပါ။ ဘုရားသခင်သည် ကျွန်တော်တို့ထံ သူ၏ နှုတ်ကပတ်တော်ကို ရေးသားထားသောကြောင့် ကျွန်တော်ဖတ်နိုင်သည်။ ကျမ်းချက်၌ရှိသော အဖြေများကို ရှာဖွေရန်နောက်ထပ် အကူအညီလိုအပ်ပါက အပြန်အလှန်ကိုးကားထားသော ကျမ်းချက်များနှင့် အဘိဓာန်များနှင့် အက္ခရာစဉ်ထားသော ဝေါဟာရစာရင်းများရှိပါသည်။

## ၃။ ဘုရားသခင်နှင့်သဘောတူညီမှုရှိစွာဖြင့် ကျွန်ုပ်ဆုတောင်းသည်။

မဿဲ ၆း၂၅-၃၄ကို လှန်ကြည့်ပါ။ လောကီရေးက ကိစ္စအချို့အတွက် စိတ်ပူပန်နေပါက၊ အပိုဒ်ငယ် ၃၁တွင် ဖော်ပြထားသောအချက်ကို သဘောတူညီစွာဖြင့် ဆုတောင်းပြီး၊ ကျွန်ုပ်လိုအပ်ချက်များကို ဘုရားသခင် သိသည့်အတွက် သူ့ကို ကျေးဇူးတင်သည်။ ထို့နောက် ယုံကြည်ခြင်းကို နာခံခြင်းအားဖြင့် သူ၏ နိုင်ငံတော်နှင့် သူ၏ဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်ရှာဖွေကာ ထိုနေ့၏ စိန်ခေါ်မှုများအတွက် ကျွန်တော် ကိုယ်တိုင် ပြင်ဆင်မည်။ ခရစ်ယာန်များသည် သူတို့၏ ယာယီလိုအပ်ချက်များကို အလွယ်တကူ စိုးရိမ်တတ်သောကြောင့် ဆုတောင်းခြင်းတွင် ဤကျမ်းပိုဒ်များကို ပုံမှန်အသုံးပြုရန်လိုအပ်သည်။

ဖိလိပ္ပိ ၄း၆-၇ သည် ကျွန်ုပ်တို့အား စိုးရိမ်ပူပန်မှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် နှုတ်ကပတ်တော်အရ မည်သို့ ဆုတောင်းရမည်ကိုသိရန် နောက်ထပ်အကြောင်းရင်းများကိုပေးသည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်များကို ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် တောင်းဆိုရမည်။ ကျွန်တော်တို့သည် "ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်၌ ဘုရားသခင်၏ ငြိမ်သက်ခြင်း"ကို ရရှိသောအခါတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းသံကို ကြားတော်မူသည်ကို ကျွန်ုပ်တို့သိသည်။

## ၄။ စာသားကို ကိုယ့်အတွက်ပြင်ဆင်ပါ။

ဖေက် အခန်းကြီး၁ ကိုလှန်၍ ဆုတောင်းခြင်းနှင့်အတူ အပိုဒ်ငယ်၁မှ ဖတ်ရှုပါ။ ပေါလုသည် ကျွန်ုပ်နှင့် ထိုဝမ်းဘား၌ရှိသော ယေရှုခရစ်၌ သစ္စာရှိသော သန့်ရှင်းသူတို့အတွက် ရေးသားသည်။ ကျွန်တော်ဖတ်ရှုသည့် အခါ စာသားတွင် ကျွန်ုပ်၏ အမည်ကို ထည့်ထား၍ နာမ်စားနေရာတွင် ကျွန်တော်ကိုယ်တိုင်ထည့်သွင်းသည်။ ထိုအရာကို ကျွန်တော်ပိုင်ဆိုင်လိုက်သည်။ ထိုစာသားအားဖြင့် ကျွန်တော်ဆုတောင်းသည်၊ နှုတ်ကပတ်တော် အားဖြင့် ကျွန်ုပ်ကိုထက်စေ၍ နှစ်သိမ့်မှုရရှိသည်။ ကျွန်တော်သည် ကောင်းကင်ဘုံရှိ ဝိညာဉ်ရေးကောင်းကြီး များဖြင့် ကျွန်ုပ်အား ကောင်းကြီးပေးသော သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်ကို ကောင်းကြီးပေးလို

သောကြောင့် ချီးမွမ်းခြင်း သို့မဟုတ် သီဆိုခြင်းဖြင့် မကြာခဏ နိဂုံးချုပ်လေ့ရှိပါသည်။

## ၅။ ဘုရားသခင်၏ အလိုတော်သည် မည်သည့်အရာဖြစ်သည်ကို သက်သေပြခြင်း

ကောလာသဲ ၃သည် နှုတ်ကပတ်တော် မိန့်ဆိုထားသည်များကို နာခံခြင်းဖြင့် ဆုတောင်းရန် တန်ခိုးကြီးသော ကျမ်းပိုဒ်ဖြစ်သည်။

(က)။ ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ ထမြောက်ကြောင်းကို အသိအမှတ်ပြုပြီး၊ အထက်အရာများကို ကျွန်တော်ရှာဖွေရန်ဖြစ်သည်။

(ခ)။ အထက်အရာများအပေါ်တွင် ကျွန်ုပ်၏စိတ်ကို ဦးတည်ပြီး၊ ကျွန်ုပ်တွင် အသစ်မွေးဖွားသည့်ဝိညာဉ်ရှိပြီး၊ ကျွန်ုပ်အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကိန်းဝပ်သည်ကို သိရှိနားလည်ပြီး၊ ဝိညာဉ်ရေးရာလောက ထဲသို့ ကူးပြောင်းသွားပါသည်။ ကျွန်ုပ်၏ အသက်သည် ခရစ်တော်၌ သိုဝှက်ထားသည်။ ကျွန်တော်သည် လျှို့ဝှက်သောအရပ်သို့သွား၍ ဘုရားသခင်နှင့်ဆက်သွယ်ရသည်။

(ဂ)။ ငယ် ၅-၉၊ ကျွန်ုပ်သည် ဘုရားသခင်ထံ အပြစ်ကို ဝန်ချတောင်းပန်ပြီး၊ ကျွန်ုပ်အထဲ၌ရှိသော အပြစ်ကို မုန်းတီးကာ၊ မတရားသောအမှုကို စွန့်ပယ်၍ မှားယွင်းသော သဘောထားနှင့် ခံစားချက်များကို ပယ်ရှားပါသည်။

(ဃ)။ ခရစ်တော်ယေရှု၌ အသစ်ပြုပြင်ခြင်း (သို့မဟုတ်) ပြန်လည်ဖန်ဆင်းခြင်း ခံရသောလူ သပ်(ဖေက် ၂း၁၀)။ ကျွန်တော်သည် အခန်းငယ် ၁၂-၁၅ တွင် ဖော်ပြထားသော မကောင်းသော ဝိသေသလက္ခဏာ များအားလုံးကို စွန့်ပယ်မည်။

(င)။ ငယ် ၁၆က "ခရစ်တော်၏ နှုတ်ကပတ်တော်သည် အတွင်းထဲ၌ ကြွယ်ဝစွာ ကျိန်းပါစေ"ရန် ကျွန်ုပ်ကို ညွှန်ကြားထားသည်။ ဤသည် နှုတ်ကပတ်တော်ဖြစ်သည်။ တစ်နည်းဆိုရသော် သမ္မာကျမ်းစာဖတ်ခြင်း၌ ကိုယ့်ကိုကိုယ် နှစ်မြုပ်စေခြင်း၊ နှုတ်ကပတ်တော်အားဖြင့် သူ့ကိုယ်သူ ထင်ရှားရန် ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် ဖတ်ရှုမည်။ ထို့အပြင် နှုတ်ကပတ်တော်ကို ဖော်ပြပေးသည်။ သီချင်းများနှင့် ဆာလံသီချင်းများကို သီဆိုချီးမွမ်းရန် သမ္မာကျမ်းစာက တိုက်တွန်းထားသည်။

(စ)။ အခန်းငယ် ၁၇က ကျွန်ုပ်ကို လုပ်ဆောင်ချက်ရှိရန် တိုက်တွန်းပေးသည်။

နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်းသည် တန်ခိုးကြီး၏။ ပျော်စရာကောင်းသည်၊ ထင်ရှားခြင်းဖြစ်သည်၊ လမ်းညွှန်ပေးခြင်းဖြစ်သည်၊ ဘုရားသခင်၏ အလိုတော်သည် အဘယ်အရာဖြစ်သည်ကို သက်သေပြခြင်း ဖြစ်ပြီး ထိုအရာမှာ "ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာ" (ရောမ ၁၂း၂)။

## ၆။ လူတိုင်းတွင် ယုံကြည်ခြင်းအတိုင်းအတာတစ်ခု ရရှိကြသည်။

ရောမ ၁၂း၃ တွင် သတိပေးချက်မှာ- ကျွန်တော်တို့တစ်ဦးချင်းစီတွင် ယုံကြည်ခြင်း အတိုင်းအတာတစ်ခုစီ ရှိကြသည်။ ယုံကြည်ခြင်း စကားလုံးသည် ဂရိဘာသာဖြင့် Pistis (ပီးတီးစ်) ဖြစ်သော်လည်း၊ စကားလုံး၏ အရင်းအမြစ်မှာ peitho မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ ယုံကြည်လက်ခံစေသည်။ စိတ်ချယုံကြည်ခြင်း ဖြစ်သည်။ လူတစ်ဦးစီသည် ဘုရားသခင်ထံမှ ဤဖော်ပြထားသော ဆုကျေးဇူးများမှတဆင့် ဘုရားသခင်ကို အစေခံရန် ဤယုံကြည်ခြင်းအတိုင်းအတာသည် လုံလောက်ပါသည်။ သင့်စိတ်နှလုံးထဲ၌ ဘုရားသခင် ထည့်သွင်းထားသော ယုံကြည်ခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါ။

စစ်မှန်သောဘုရားသခင်ကို ကျွန်တော်တို့၏ နားလည်မှုသည် သမ္မာကျမ်းစာ၏ ဖော်ပြပေးခြင်းအပေါ် အစဉ်အမြဲ အခြေခံမည်ဖြစ်သည်။ ကျွန်တော်တို့၏ ယုံကြည်စိတ်ချမှုသည် သမ္မာကျမ်းစာ၏ ဘုရားသခင်ဖြစ်ပြီး ကျွန်တော်တို့ ယေရှုခရစ်၏ ခမည်းတော်ဘုရား၌ဖြစ်သည်။

**မေးခွန်း(၄)။ ဆုတောင်းခြင်း၏ နည်းလမ်းခြောက်သွယ် (သို့မဟုတ်) စကားရပ် ရှင်းပြချက်များကို စာရင်းပြုစုပါ။**

ဘုရားသခင်၏ ချပ်ဝတ်တန်ဆာကို ယူတင်ဝတ်ဆင်ခြင်း

ကျွန်တော်တို့သည် ဘုရားသခင်၏ ချပ်ဝတ်တန်ဆာ တစ်ခုလုံးကို ဆုတောင်းခြင်းဖြင့် နေ့စဉ်ဝတ်ဆင်ရန် သွန်သင်ခြင်းခံရသည် (ဖေက် ၆း၁၀-၁၈)။ ဤအရာကို သင်မည်ကဲ့သို့ လုပ်ဆောင်သနည်း။ သံခမောက်၊ ရင်အုပ်၊ ခြေစွပ် စသည်များကို ဝတ်ဆင်ကြောင်း ဘုရားသခင်ကို ပြောပြပါသလား။ သို့မဟုတ် စက်ဖြင့် ပြုလုပ်သော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ပါသလား။ သို့မဟုတ် သင်သည် ဤနှုတ်ကပတ်တော်အား သမ္မာတရားများကို သင့်အသက်တာတွင် ဆုတောင်းပြီး တွေးတောဆင်ခြင်ကာ၊ ထိုနေ့၌ သင့်အတွက် ဘုရားသခင်၏ အလိုတော်နှင့်အညီ သင်၏ စဉ်းစားတွေးခေါ်မှုနှင့် အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ခဲ့ပါသလား။ ဥပမာအားဖြင့် - သံခမောက်သည် ကျွန်တော်တို့၏ ဦးခေါင်းကို သိသိသာသာ ကာကွယ်ပေးသည်။ ၎င်းသည် ကျွန်တော်တို့၏ ဆုံးဖြတ်ချက်ချသည့် ဗဟိုချက်နှင့် ကျွန်တော်တို့၏ စိတ်ကို ကိုယ်စားပြုသည်။ ထိုထက်မက ၎င်းသည် နှုတ်ကပတ်တော်သမ္မာတရားကို အသိအမှတ်ပြုပြီး ဖန်းစားတွေးခေါ်ရန် ကြီးမားသောနယ်ပယ်ကို ပေးဆောင်သည့် ကယ်တင်ခြင်း၏ ခမောက်လုံးဖြစ်သည်။ မောရှာယ ၂၆း၃ တွင် ဘုရားသခင်အပေါ်တွင် ထားရှိသော ကျွန်တော်တို့၏ စိတ်သဘောကို ပြောပြသည်။ ကောလောသဲ ၃း၁-၂ တွင် အထက်အရာများကို တွေးတောရန် ကျွန်ုပ်တို့အား မိန့်ဆိုထားသည်။ သံခမောက်လုံးကို လွယ်ပင့်တကူယူဆောင်၍ ပူးတွဲလုပ်ဆောင်မှုများနှင့်အတူ ခေါင်းပေါ်တွင်ဟန်ဆောင် တင်ထားခြင်းမျိုးသည် များပြားသောအောင်မြင်မှု မရရှိနိုင်ပါ။ သို့သော် ကယ်တင်ခြင်းနှင့် ပတ်သတ်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဝန်ခံ၍ ယုံကြည်ခြင်း၊ ကျွန်တော်တို့၏ စိတ်နှလုံးကို အသစ်ပြုပြင်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့နှင့်ည တွေးတောဆင်ခြင်ခြင်းသည် အလွန်ထိရောက်ပြီး၊ အစွမ်းတန်ခိုး ရှိမည်ဖြစ်သည်။ ကျွန်တော်တို့သည် မကောင်းသောအရာကို တွန်းလှန်ရန်နှင့် ကျွန်တော်တို့ကို တည်ဆောက်စေပြီး မကောင်းသော အကြံအစည်များမှ ကာကွယ်ကာပေးမည်ဖြစ်သည်။

**မေးခွန်း(၅)။ ဖြောင့်မတ်ခြင်းတည်းဟူသော ရင်အုပ်ကို ဆုတောင်းခြင်းနှင့်အတူ အသုံးချနိုင်ရန် သင်မည်သို့ ထင်မြင်ပါသနည်း။ ရောမ ၁၀း၈-၁၀ ကို ကိုးကားပါ။**

**သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝပါ**

ဖေက်၅း၁၉ တွင် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းနှင့်ပတ်သတ်၍ ကျွန်ုပ်တို့အား ပြောပြသည်မှာ ဆာလံသီချင်းများ၊ ဓမ္မသီချင်းများ၊ ဝိညာဉ်ရေးရာသီချင်းများဖြင့် ကျွန်တော်တို့၏ စိတ်နှလုံးထဲတွင် ဘုရားသခင်အား သီဆိုချီးမွမ်းခြင်းကို ဆိုလိုသည်။ သံပြိုင်သီချင်းအများစုသည် သမ္မာကျမ်းစာမှ တိုက်ရိုက်ကိုးကားကြောင်း သတိပြုမိပါသလား။ ဓမ္မသီချင်းများနှင့် ဝိညာဉ်ရေးသီချင်းများစွာတို့သည် သမ္မာကျမ်းစာ၊ သမ္မာတရားများနှင့် အယူဝါဒများကို ဖော်ပြနေခြင်းဖြစ်ပါသလား

ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း သီချင်း သီဆိုကိုးကွယ်ခြင်းသည် ဆုတောင်းခြင်း၏ အစိတ်အပိုင်းများဖြစ်သည်။ သမ္မာကျမ်းစာပြောသည့်အတိုင်း ကျွန်တော်တို့လုပ်ဆောင်သည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို သီဆိုခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ဝိညာဉ်တော်နှင့် ပြည့်နေခြင်းဖြစ်သည်။

**အချို့သော သမ္မာကျမ်းစာဖြင့် ဆုတောင်းခြင်း**

၁။ ကနဦးအသင်းတော်တို့သည် သမ္မာကျမ်းစာဖြင့် ဆုတောင်းကြသည်။

တမန်တော်ဝတ္တု အခန်းကြီး ၄ တွင် ယုံကြည်သူအဖွဲ့တို့သည် သူတို့၏ စုပေါင်းဆုတောင်းချက်တွင် ကျမ်းပိုဒ်များကို ကိုးကားထားကြသည်။ အခန်းငယ် ၂၄တွင် သူတို့သည် ထွက်မြောက်ရာကျမ်း ၂၀း၁၁ နှင့် ဆာလံကျမ်း

၁၄ဖြး၆ ကို ကိုးကားထားပြီး၊ အခန်းငယ် ၂၅-၂၆ တွင် ဆာလံ ၂း၁-၂ ကို ကိုးကားထားသည်။

၂။ ကျွန်တော်တို့အတွက် ပေါလု၏ဆုတောင်းချက်
အသင်းတော်အတွက် ပေါလု၏ဆုတောင်းချက်များသည် အသက်ရှိသည်။ ကျွန်တော်ကိုယ်တိုင်အတွက်နှင့် ကျွန်တော်တို့အသင်းတော်အတွက် တူညီသော ဆုတောင်းချက်များကို မကြာခဏဆုတောင်းပါသည်။
ဖေက် ၁း၁၅-၁၉- ပေါလုသည် သူ၏ ဆုတောင်းချက်များတွင် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဝန်ခံခြင်းနှင့် ကိုယ်စားပြုဆုတောင်းခြင်းပါဝင်သည်။ ဘုရားသခင်၏ လူအများအတွက် သူ၏ထင်ရှားသော အလိုတော်ကို သိရှိနိုင်ရန် ကျွန်တော်တို့၏ ဉာဏ်အလင်းရရှိရန် ဆုတောင်းပါသည်။
ဖေက် ၃း၁၄-၂၁ တွင် - ပေါလုသည် သူ၏ဆုတောင်းချက်များတွင် ဘုရားသခင်ကို ဗဟိုပြုကြောင်း ဖော်ပြသည်။ ဘုရားသခင်၏ တန်ခိုးတော်နှင့်ရည်ရွယ်ချက်ကို သိရှိထားသည်။ ပေါလုသည် ဘုရားသခင်၏ ဘုန်းအသရေစည်းစိမ်ကြောင့် သူ၏ဆုတောင်းခြင်းများကို အဖြေရရှိမည်ဟု ယုံကြည်သည်။ ဆုတောင်းခြင်း အဖြေသည် တန်ခိုးရှိလှ ဝိညာဉ်တော်အားဖြင့် ဖြစ်လိမ့်မည်။
ဤဆုတောင်းချက်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်ထဲသို့ ပိုမိုနက်ရှိုင်းစေပါသည်။ ဘုရားသခင်၏ အသက်သည် သူ၏လူများထဲသို့ လွှမ်းမိုးလိမ့်မည်။ ဘုရားသခင်သည် သူ၏ ဘုန်းအသရေကို အဘယ်သူနှင့်မျှ မမျှဝေဘဲ ခရစ်တော်၌ရှိသော သူ၏လူတို့အပေါ်သို့ အခမဲ့သွန်းလောင်းပေးမည်။ ခရစ်ယာန်များသည် "ဇာတိပကတိနောက်သို့မဟုတ်ဘဲ ဝိညာဉ်တော်အလိုသို့" ရှိလာကြသည်။ ဘုရားသခင်အဖြေပေးသော တန်ခိုးသည် ယုံကြည်သူများတွင် အမှန်တကယ် လုပ်ဆောင်နေပြီဖြစ်ကြောင်း သတိပြုပါ။ ပေါလုက "ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း" ဟူသော ပြောဆိုချက်သည် အံ့သြစရာမဟုတ်ပါ။
ဖေက် ၆း၁၈ တွင် ပေါလုသည် သန့်ရှင်းသူများအတွက် အဆက်မပြတ်ဆုတောင်းရန် ကျွန်တော်တို့အား တိုက်တွန်းထားသည်။ ဖိလိပ္ပိ ၁း၃-၁၁ တွင် လူတို့အတွက် ဆုတောင်းနည်းနှင့် ပတ်သတ်သည့် အကြံဉာဏ်များကို ကြည့်ပါ။ "တစ်စုံတစ်ဦးကို ဘုရားသခင်ကောင်းကြီးပေး၍ ပျော်ရွှင်စေခြင်း" မဟုတ်ဘဲ ထိုသို့အစား "သန့်ရှင်းသူတို့၏ ချစ်ခြင်းမေတ္တာသည် စစ်မှန်သောအသိပညာနှင့် ပိုင်းခြားသိမြင်မှုအားလုံးတွင် ပို၍ကြွယ်ဝလာသည်" ဟူ၍ဖြစ်သည်။

**မေးခွန်း၆)** ။ ဖေက် ၁း၁၇-၁၉ ကို ဖတ်ပြီး ဤဆုတောင်းချက်အတိုင်း သင်ဆုတောင်းနေစဉ်တွင် ဘုရားသခင်၏ဝိညာဉ်တော်မှ ပေးအပ်မည့်အရာ ၅ခုကို အမည်ပေးလိုက်ပါ။
ကောလောသဲသြဝါဒစာစောင်၌ ပေါလုသည် အသင်းတော်အတွက် ဉာဏ်အလင်းပေးသော ဆုတောင်းချက်တွင် မိမိကိုယ်ကို ထုးချွန်သည်။ ကျေးဇူးတော်ချီးမွမ်းခြင်း ဆုတောင်းချက်များ၊ စိတ်အားထက်သန်စွာ တိုက်တွန်းနှိုးဆော်မှု ဆုတောင်းချက်များနှင့် ဗျာဒိတ်ခံစားစီးဆင်းမှု ဆုတောင်းချက်များဖြစ်သည်။ ပေါလုသည် ဤအရာအားလုံးကို ဖြစ်မြောက်အောင်ပြုလုပ်ပေးသော ကြီးမြတ်သည့် ဘုရားသခင်အား လေးနက်စွာ ချီးမွမ်းခြင်းမှလွဲ၍ မကူညီနိုင်ပါ။
ဖေက် ၃း၂၁ ဖိလိပ္ပိ ၄း၂၀ ရောမ ၁၁း၃၆ ၁တိ ၁း၁၇ ရောမ ၁၆း၁၇

**မေးခွန်း၇)** ။ အထက်ဖော်ပြပါ ချီးမွမ်းခြင်းထုတ်ပြန်ချက် နှစ်ခုတို့အား ရေးမှတ်ပြီး၊ ထိုနှစ်ခုတို့ကို မှတ်သားထားရန် ကြိုးစားပါ။
ယုဒကလည်း ချီးမွမ်းခြင်း၊ ဝန်ခံခြင်း၊ ကြည်ညိုခြင်း နှင့် ကိုးကွယ်ခြင်း၏ အစွမ်းထက်သော ထုတ်ပြန်ချက်ကိုလည်း ထွက်ပေါ်စေသည် (ငယ် ၂၄-၂၅)။

"ယေရှုခရစ်အားဖြင့် ကောင်းကင်အရပ်တို့၌ ဝိညာဉ်ရေးရာ ကောင်းကြီးမင်္ဂလာအပေါင်းနှင့် ငါတို့ကို ကောင်းကြီး ပေးတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိစေသတည်း" အာမင် (ဖေက် ၁း၃)။

**မေးခွန်း၈)** ။ တစ်ဦးချင်းလုပ်ဆောင်ရန် လေ့ကျင့်ခန်း
ကျမ်းပိုဒ်တစ်ပိုဒ်ကို ရွေးချယ်ပြီး ဘုရားသခင်နှင့်တစ်ဦးတည်း ဆိတ်ငြိမ်ရာသို့သွားပါ။ ကျမ်းပိုဒ်အားဖြင့် ဆုတောင်းပါ။ ထို့နောက် ကျမ်းစာကို အခြေခံပြီး ဆုတောင်းချက်တစ်ခုကို ရေးချနိုင်သည်။

အကြံပြုထားသော ကျမ်းပိုဒ်အချို့များမှာ-

| | | | | | |
|---|---|---|---|---|---|
| ကမ္ဘာ | ၁၅း၁-၆ | ကမ္ဘာ | ၃၂း၂၄-၃၂ | ထွက် | ၃၃း၁၃-၂၃ |
| ယောရှု | ၅း၁၃-၁၅ | ဆာလံ | ၂၃း၁-၃ | ဆာလံ | ၂၃း၄-၆ |
| ဆာလံ | ၂၇း၄-၆ | ဟေရှာယ | ၆း၁-၈ | ဟေရှာယ | ၄၃း၁၈-၁၉ |
| ယေရမိ | ၂၉း၁၁-၁၄ | ယေရမိ | ၃၁း၃၁-၃၄ | ဟောရှေ | ၆း၁-၃ |
| ယောလ | ၂း၂၈-၃၂ | ယောဟန် | ၁၀း၉-၁၁ | ယော | ၁၀း၁၄-၁၇ |
| ရောမ | ၁၀း၉-၁၁ | ဖေက် | ၁း၁၇-၁၉ | ဖေက် | ၃း၁၄-၂၁ |
| ဖိလိပ္ပိ | ၃း၁၀-၁၄ | | | | |

သမ္မာကျမ်းစာ၌ ဘုရားသခင်ပြောသော အရာကို ကြားနာခြင်းအပေါ် အခြေခံသည့် တန်ခိုးကြီးသော ဆုတောင်းခြင်းကို လှုံ့ဆော်ပေးသည့် မြောက်များစွာသော ကျမ်းပိုဒ်များရှိပါသည်။

**သင်ခန်းစာ (၅)**

## အစာရှောင်ခြင်း

"အစာရှောင်သည်" ဟူသော စကားလုံးသည် ဟေဗြဲစကားလုံးမှ " tsrwm" မှ ဆင်းသက်လာပြီး "ပါးစပ်ကို ဖုံးထားရန်" ဟု အဓိပ္ပာယ်ရသည် (strong concordance # 6685)။ ထို့နောက် ဂရိစကားလုံးဖြင့် "nesteuo" ဖြစ်ပြီး "အစာရှောင်ကြဉ်ခြင်း" ဟု အဓိပ္ပာယ်ရသည်။ (SC# 3522)။ ဒေးရိတ်ပရင်းစ်က အစာရှောင်ခြင်းကို "ဝိညာဉ်ရေးပိုင်းဆိုင်ရာ" ရည်ရွယ်ချက်အတွက် အစာကို ရွေးချယ်မှုတစ်ခုဖြင့် ရှောင်ကြဉ်ခြင်း " ထုတ်ဖော်ပြောဆိုခဲ့သည်။

**အပြစ်ဖြေရာနေ့/အစာရှောင်ခြင်း**

အပြစ်ဖြေရာနေ့ကို ဂျူးလူမျိုးတို့၏ ပြက္ခဒိန်တွင် အစာရှောင်သောနေ့ဟူ၍ စတင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းမှာ လူတို့သည် သူတို့ကိုသူတို့ အပြစ်မှမလွတ်စေနိုင်ကြောင်း သိလာသည့်အခါ လုပ်ဆောင်တတ်သည်။ ထိုနေ့တွင် ဘုရားသခင်က "ကြိုးကြံစွာကျင့်ပျက်နေကြမည်" (ဝတ်ပြု ၁၆း၂၉)။ သူတို့သည် ဘုရားသခင်ရှေ့မှောက်တွင် နှိမ့်ချစွာနေရန် တောင်းဆိုသည် (ဝတ်ပြု ၂၃း၂၆-၂၉)။ ဤအစာရှောင်သောနေ့/အပြစ်ဖြေရာနေ့နှင့် ပတ်သတ်၍ ဓမ္မဟောင်းကျမ်းထဲတွင် ကျမ်းချက်များစွာရှိသည်။ ဤအရာသည် ဘုရားသခင်ထံသို့ အာရုံစိုက်နိုင်ရန် ပုံမှန်စည်းကမ်းတစ်ခုကဲ့သို့ ဖြစ်လာသည်။ ပေါလုသည် ဤအစာရှောင်ခြင်းကိုရည်ညွှန်းသည့်အခါ ပေါလုသည် ရောမစပ်မှူးအား ရာသီဥတုမကောင်းသည့်အချိန်၌ ပင်လယ်မကူးရန် တားမြစ်ခဲ့သည် (တမန် ၂၇း၉)။

**ဓမ္မဟောင်းကျမ်း၌ရှိသော ယေဘုယျအစာရှောင်ခြင်း**

ဤပုံမှန်နေ့မှလွဲ၍ အစာရှောင်ခြင်းဆိုင်ရာ ကျမ်းချက်များစွာလည်းရှိပါသည်။ အခြေအနေတိုင်းတွင် ဘုရားသခင်ရှေ့မှောက်တွင် နှိမ့်ချမှုရှိရန် လိုအပ်ကြောင်း အသိအမှတ်ပြုခြင်း ရှိရမည်။ နောင်တရခြင်း၊ ဗျာဒိတ်တော်နှင့် လမ်းညွှန်မှုကို ရှာဖွေခြင်း၊ လိုအပ်နေသည့်အချိန်၊ဝမ်းနည်းနေသည့်အချိန်တွင် ဘုရားသခင်၏ အကူအညီအား တောင်းခံရန်။ မကြာခဏအစာရှောင်ခြင်းသည် လျှော်တေအဝတ်ပြာများနှင့် ဆက်စပ်နေပြီး မိမိကိုယ်ကို နှိမ့်ချခြင်းကို ကိုယ်စားပြုသည်။ အစာရှောင်ခြင်းသည် လူ၌ရှိသော ဇာတိပကတိသည် ဘုရားသခင်၏ ဝိညာဉ်တော်ကို နာခံခြင်းဖြင့် ဝန်ခံရန်နှင့် ဇာတိပကတိကို လက်အောက်ခံစေရန် အမြဲဆိုလိုသည်။

ထိုအကြောင်းကြောင့် ဒါဝိတ်က "ငါမူကား၊ သူတို့၌ အနာရောဂါစွဲသောအခါ လျှော်တေအဝတ်ကို ဝတ်ဆင်လျက် အစာကိုရှောင်၍ ငြိုးငြံစွာကျင့်လေ၏ (ဆာလံ ၃၅း၁၃)။ "အကျွန်ုပ်သည် ငိုကြွေး၍ စိတ်နှလုံးပါလျက်၊ အစာရှောင်သောအကျင့်" (ဆာလံ၆၉း၁၀)။

**မေးခွန်း:၁)**။ အစာရှောင်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်ရှေ့၌ မိမိကိုယ်ကို နှိမ့်ချရန် ကူညီပေးသည့် နည်းလမ်းလေးခုတို့၏ အမည်များကို ဖော်ပြပါ။

သမ္မာကျမ်းစာထဲတွင် အစာရှောင်ခြင်းဟူ၍ သုံးမျိုးရှိသည်။

၁။ သာမန်အစာရှောင်ခြင်း
၂။ တစ်စိတ်တစ်ပိုင်း အစာရှောင်ခြင်း
၃။ လုံးဝအစာရှောင်ခြင်း

၁။ သာမန်အစာရှောင်ခြင်းတွင် အစားအစာရှောင်ခြင်း ပါဝင်သော်လည်း အရည်များရှောင်ခြင်း မဟုတ်ပါ။ ဥပမာ - ယေရှုသည် သဲကန္တာရတောထဲတွင် "အစာအာဟာရကို သုံးဆောင်တော်မမူ" (လုကာ ၄း၂၂) "ထို

ကာလလွန်ပြီးမှ မွတ်သိပ်တော်မူ၏"။

၂။တစ်စိတ်တစ်ပိုင်း အစာရှောင်ခြင်းတွင် အချိန်အတိုင်းအတာ တစ်ခုအထိ အစားအသောက် ကန့်သတ်ချက်များ ပါဝင်သည်။ ဥပမာ-ဒံယေလသည် ဝမ်းနည်းမှုဆွေးသည့်အချိန်တွင် "အရက်နှစ်ဆယ့်တစ်ရက် မစေ့မှီ မြိန်သောမုန့်ကို မစား။ အမဲသားနှင့်စပျစ်ရည်ကို မမြည်း။ ဆီလိမ်းခြင်းကိုလည်း အလျှင်းမပြု" (ဒံယေလ ၁၀း၃)။

၃။ လုံးဝအစာရှောင်ခြင်းတွင် အစာနှင့် အရေသောက်ခြင်းအား အချိန်အတိုင်းအတာ တစ်ခုအထိ ရှောင်ကြဉ်ခြင်းဖြစ်သည်။ ဥပမာ-တမန် ၉း၉တွင် မှတ်တမ်းတင်ခံသည်မှာ ရှောလုသည် သုံးရက်ပတ်လုံး "မစားမသောက်ဘဲ နေလေ၏"။
သေတာသည် သူ့လူတို့အား မှာလိုက်သည်မှာ "နေ့ညဥ့်မပြတ် သုံးရက်ပတ်လုံး မစားမသောက်ပဲ နေ၍" (သေတာ ၄း၁၆) ဇေရသည် သူ၏လူတို့အတွက် ငိုကြွေးသောအခါ "မုန့်ကိုမစား၊ ရေကိုမသောက်ဘဲနေ၏" (ဇေရမှတ်စာ ၁၀း၁၈)သုံးရက်သည် သဘာဝလွန်ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ရေမပါဘဲ သွားရသည့် ပကတိအမြင့်ဆုံး အချိန်ဖြစ်သည်။

**မေးခွန်း၂)**။ သမ္မာကျမ်းစာတွင် ပါရှိသည့် အစာရှောင်ခြင်း အမျိုးအစားသုံးမျိုးကို သင်ကိုယ်တိုင် ရေးချပြီး တစ်ခုချင်းစီ၏ ပတ်သတ်မှုများကို ဖော်ပြပါ။

မောရှေသည် သိနာတောင်၌ ရှိစဉ်အခါ "အစာကို မစား၊ ရေကို မသောက်ဘဲ အရက်လေးဆယ်ပတ်လုံး ထာဝရဘုရားအထံတော်၌ နေလေ၏" (ထွက် ၃၄း၂၈)။ မောရှေသည် ဘုရားသခင်မျက်မှောက်တော် (ဘုရားသခင်နှင့်အတူ) ရှိခဲ့သည့်အချိန်သည် သဘာဝလွန် အစာရှောင်ခြင်းဖြစ်မည်ဟုသော ကျွန်တော်တို့ ယူဆနိုင်သည်။
အစာရှောင်ခြင်း၏ အကြောင်းရင်းများ

၁။ ဘုရားသခင်ကို အာရုံစိုက်ရန် ဇာခရိ ၇း၅- "အကယ်စင်စစ် ငါ့အလိုရှိသည့်အတိုင်း ငါ့အား အစာရှောင်ကြသလော"။ အာသာဝိလ်လိစ်(Arthur Willis) က "အစာရှောင်ခြင်းတွင် ကျွန်တော်တို့၏ တွေးခေါ်ပုံသည် မှန်ကန်သော ဦးတည်ချက်ဖြစ်လာစေရန်၊ ဘုရားသခင်နှင့် သူ၏ဗဟိုဖြစ်တော်မူသည့်အတိုင်း မမြင်ရသော ကမ္ဘာကိုအာရုံစူးစိုက်စေရန်အစာရှောင်ခြင်းနည်းလမ်းတစ်ခုရှိသည်။ ဘုရားသခင်၏အကြံအစည်တော် အတိုင်း အစာရှောင်ခြင်းသည် ကိုယ်တော်အတွက်ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် သီးခြားသတ်မှတ်ထားရာ၊ ကိုယ်တော်အား အမှုတော်ထမ်းဆောင်ရန်၊ ကိုယ်တော်အား ချီးမြှောက်ရန်၊ အလိုတော်ပြည့်စုံစေရန်အတွက် ကျွန်တော်တို့သည် မိမိကိုယ်ကို သီးခြားထားရှိရာ နေရာဖြစ်သည်။
မဿဲ ၆း၁၈ "မထင်ရှားသောအရာကို မြင်တော်မူသော သင်တို့အရာသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ္တံ့"။ ဤကဲ့သို့ အစာရှောင်ခြင်းမျိုးဖြစ်သည်။

၂။ တစ်ကိုယ်ရေ စင်ကြယ်စေခြင်းအတွက်
ဆာလံ ၆၉း၁၀- "အကျွန်ုပ်သည် ငိုကြွေး၍ စိတ်နှလုံးပါလျက်၊ အစာရှောင်သော အကျင့်"။ ဤကဲ့သို့သော အစာရှောင်ခြင်းသည် နောင်တရခြင်းနှင့် ငိုကြွေးခြင်းဆီသို့ ဦးတည်စေသည်။

၃။ ပြည်တွင်းနောင်တတရားအတွက်

ဣသရေလအမျိုးသားတို့သည် မိမိတို့အပြစ်များနှင့် ဘိုးဘေးများ၏ အပြစ်များကို ဖော်ပြတောင်းပန်သောအခါ မည်သို့ဖြစ်ခဲ့သနည်း။ နေဟမိ ၉း၁-၂

**မေးခွန်း** ၃၈က)။ တိုင်းပြည်အတွက် အသနားခံသည့်အနေဖြင့် ဇေရသည် မိမိကိုယ်ကို မည်သို့ နှိမ့်ချခဲ့သနည်း။ ဇေရ ၉း၃-၆

၃၈ခ)။ ရှမွေလသည် တိုင်းပြည်အတွက် တရားစီရင်ရာတွင် သူသည် မည်သူ့ကိုခေါ်၍ အစာရှောင်သနည်း။ ၁ဓမ္မ ၇း၅-၆

ဒံယေလသည် ဣသရေလအမျိုးသားတို့အပေါ် ဘုရားသခင်၏ ဂရုဏာတော်အတွက် ဆုတောင်းသောအခါ "အစာရှောင်လျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်၊ ပြာနှင့် လူးလျက်၊ အရှင်ဘုရားသခင်ထံတော်သို့ ချဉ်းကပ်၍ ဆုတောင်းပဌနာပြု၏" (ဒံယေလ ၉း၃)။

၄။ ဘုရားသခင်အား ကြားသိစေရန်

အစာရှောင်ခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အရေးတကြီးဖြစ်စေပြီး၊ ကျွန်တော်တို့၏ တောင်းဆိုမှုကို တွန်းအားပေးစေသည်။ အစာရှောင်ခြင်းမှာ ကျွန်တော်တို့သည် ဘုရားသခင်ကို အလေးအနက်ရှာဖွေနေကြောင်း ညွှန်ပြသည်။ ဘုရားသခင်က "အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း နှင့်တကွ၊ စိတ်နှလုံးအကြွင်းမဲ့၊ ငါ့ထံသို့ ပြန်လာကြလော့" (ယောလ ၂း၁၂)။ ငယ်၁၅ "အစာရှောင်ရသောအချိန်ကို ခန့်ထား၍" ငယ် ၁၇ "အို ထာဝရဘုရား၊ ကိုယ်တော်၏ လူများကို သနားတော်မူပါဟု လျှောက်ကြစေ"။ ဘုရားသခင်ရွေးချယ်တော်မူသော အစာရှောင်ခြင်း၌ ဟေရှာယ ၅၈း၃က-၅တွင် သူတို့၏ အစာရှောင်ခြင်းသည် မှားယွင်းသော ဦးတည်ချက်နှင့် စိတ်သဘောမမှန်ကန်မှုကြောင့် ဘုရားသခင်သည် သူ၏လူတို့ကို ပြစ်တင် ရှုတ်ချသည်။ ငယ် ၉တွင် သူတို့သည် ဘုရားသခင်၏ နည်းလမ်အတိုင်း အစာရှောင်လျှင် သူတို့၏ ဆုတောင်းချက်ကို အဖြေပေးမည်ဟု ကတိပေးခဲ့သည်။

၅။ ဘုရားသခင်၏စိတ်ကို ပြောင်းလဲစေရန်

ယောနသည် နိနေဝေလူတို့အား ဟောပြောသည့်အခါ၊ သူတို့သည်"အစာရှောင်ရာအချိန်ကို ကြော်ငြာ၍ လျှော်တေအဝတ်ကို ဝတ်ကြ၏" ယောန ၃း၅။ ဘုရားသခင်သည် သူတို့၏ နောင်တရခြင်းကို မြင်တွေ့သောအခါ မည်သို့လုပ်ဆောင်ခဲ့သနည်း။ ငယ် ၁၀

ဥဓမ္မရာဇဝင် ၂၁း၂၇-၂၉- အာဟပ်သည် နောင်တရ၍ အစာရှောင်သောကြောင့် ဘုရားသခင်သည် သူ့ကို သနား၍ အပြစ်မပေးဘဲ နေလေသည်။

**မေးခွန်း ၄)**။ ဒါဝိတ်သည် သူ၏သား သေခါနီးသည့်အချိန်တွင် အဘယ်ကြောင့် အစာရှောင်ခဲ့သနည်း။ ၂ဓမ္မ၁၂း၂၂

အစာရှောင်ခြင်းသည် ကျွန်တော်တို့အတွက် တစ်စုံတစ်ခုပြုလုပ်ရန် ဘုရားသခင်ကို တာဝန်ပေးခြင်းမဟုတ်ပါ။ "အစာရှောင်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့်တကွ" ဘုရားသခင်ထံတော်သို့ ပြန်လာပါဟု လူများထံ အသနားခံပြီးမှ၊ ယောလက "ဘုရားသခင်သည် တဖန်ပြန်လာ၍ နောင်တရပြီးလျှင် ကောင်းကြီးမင်္ဂလာကို ထားရစ်စေတော်မူမည် မမူမည်ကို အဘယ်သူ သိနိုင်သနည်း" (ယောလ ၂း၁၄)။

၆။ အချုပ်အနှောင်မှ လွတ်မြောက်ရန်

ယုဒလူတို့ကို သုတ်သင်ပယ်ရှားရန် ရှိနေသည့်အချိန်တွင် သေတာသည် ရှင်ဘုရင်ထံ ချဉ်းကပ်ရန် ပြင်ဆင်စဉ်တွင် ယုဒလူတို့သည် သူမနှင့်အတူ အစာရှောင်ရန် တောင်းဆိုခဲ့သည် (သေတာ ၄း၁၆)။ အစာရှောင်ခြင်းသည်

သမိုင်းကို ပြောင်းလဲစေပြီး၊ ဘုရားသခင်သည် ဂျူးလူမျိုးများကို ဤဖိနှိပ်မှုမှ လွတ်မြောက်စေခဲ့သည်။

မေးခွန်း ၅၊က)။ ဘုရားသခင် ရွေးချယ်ထားသော အစာရှောင်ခြင်းသည် ပြီးမြောက်စေမည်ဟု ပြောဆိုရာတွင် မည်သည့်အရာကို ပြောဆိုနေခြင်းဖြစ်သနည်း (ဟေရှာယ ၅၈း၆)။

၇။ စစ်ပွဲအချိန်ကာလ၌ -၂ရာဇဝင်ချုပ် ၂၀း၃

မေးခွန်း ၆၊က)။ ရှင်ဘုရင်ယောရှဖက်သည် မည်သို့ လုပ်ဆောင်ခဲ့သနည်း။ ၂ရာဇဝင်ချယ် ၂၀း၃

**မေးခွန်း ၆၊ခ)** ။ ဤအစာရှောင်ခြင်းကို ဘုရားသခင်သည် မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။ ငယ် ၁၅၊၁၇

**မေးခွန်း ၆၊ဂ)** ။ ရှင်ဘုရင်နှင့်သူ၏ လူတို့သည် ဘုရားသခင်ကို မည်ကဲ့သို့ တုန့်ပြန်ခဲ့သနည်း။ ငယ်၁၈၊၂၁

**မေးခွန်း ၆၊ဃ)** ။ ရန်သူတို့သည် မည်ကဲ့သို့ ရှိကြသနည်း (ငယ် ၂၂-၂၃)။

ငယ် ၂၇-၃၀ တွင် ဘုန်းအသရေကို ဘုရားသခင်ထံ ပေးအပ်ခံသည်။
စစ်ပွဲကာလအချိန်တွင် ဇေရသည် ရန်သူတို့၏ နယ်မြေကို ဖြတ်၍ လူများသွားလာခြင်းအတွက် အကွယ်အကာပေးရန် ဘုရားသခင်ထံသို့ အော်ဟစ်ခဲ့သည်။ (ဇေရ ၈း၂၁-၂၃)

## ၈။ လမ်းပြမှုအတွက်

ဣသရေလအမျိုးသားနှင့် ဗယာမိန်အမျိုးသားတို့အကြား ပြည်တွင်းစစ်ဖြစ်သည့်အချိန်၌ ဣသရေလအမျိုးသား တို့သည် “ဘုရားသခင်အိမ်တော်သို့သွား၍ ငိုကြွေးလျက်၊ ထာဝရဘုရားထံတော်၌ ဝပ်လျက်၊ တနေ့လုံးညဦးယံတိုင်အောင် အစာကို ရှောင်၍ ...ဣသရေလအမျိုးသားတို့သည် ဘုရားသခင်အား မေးလျှောက်သော . . . ” (တရားသူကြီး ၂၀း၂၆-၂၇)။

## ၉။ ဗျာဒိတ်တော်အတွက်

ဒံယေလသည် အစာကိုရှောင်၍ (ဒံယေလ ၁၀း၁-၃) ဘုရားသခင်၏ စေတမန်နှင့် ဆုံတွေ့သည့်အခါ (ငယ်၁၀) နားလည်သဘောပေါက်ခြင်းအခွင့်ကို ရရှိခဲ့သည် (ငယ်၁၄)။ပေတရုသည် “ဆာလောင်နေသောအချိန်” (တမန်၁၀း၁၀) ကို မှတ်ထားပါ။ ထိုအချိန်၌ သူသည် ဘုရားသခင်ထံတော်မှ ရူပါရုံကိုရရှိကာ တပါးအမျိုးသား တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ရရှိမည့်အကြောင်းအား ဖော်ပြခဲ့သည်။

## ၁၀။ ကျန်းမာရေးအတွက်

ဒံယေလနှင့်သူ၏မိတ်ဆွေတို့သည် ဘုရင်၏စားပွဲတော်ပေါ်၌ရှိသော စပျစ်ရည်နှင့်ကောင်းသောအစားအစာ တို့ကို မစားသုံးရန် သူတို့ကိုသူတို့ မည်စ်ညှူးစေကြပါ။ သူတို့သည် စားနေကျအစာအစာများကို စားသုံးခြင်းဖြင့် သူတို့၏ကျန်းမာရေးကို စောင့်ထိန်းခဲ့ကြသည် (ဒံယေလ ၁း၈၊၁၅)။
ဤအရာအားလုံးတွင် အစာရှောင်ခြင်းသည် ဘုရားသခင် ချမှတ်ထားသော စည်းကမ်းကို နာခံခြင်းထက် ပိုသည်ဟု ကျွန်တော်တို့မြင်တွေ့နိုင်သည်။ ၎င်းသည် အမှောင်ထု၏ တန်ခိုးများအပေါ် ထိရောက်မှုရှိပြီး၊ အရေးပါသည့် ချေမှုန်းမှုတစ်ခုဖြစ်လာပြီး ဝိညာဉ်ရေးဆိုင်ရာ အချုပ်အနှောင် နှင့် ဖိနှိပ်မှုတို့မှ လွတ်မြောက်မှုကို

ဖြစ်ပေါ်စေသည်။

ဆုတောင်းခြင်း နှင့် အစာရှောင်ခြင်းတို့သည် ဘုရားသခင်၏ လူများကိုယ်စား အထက်အရပ်မှ အောင်မြင်ခြင်းကို ဖြစ်ပေါ်စေသည်။

ဘုရားသခင်သည် သူ၏ကတိတော်ကို ဖြည့်ဆည်းပေးသည်ကို ကျွန်တော်တို့မြင်တွေ့နိုင်သည်။ "ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ့်ကိုနှိမ့်ချသဖြင့်၊ ငါ့မျက်နှာကိုရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ကို ချမ်းသာပေးမည်" ၂ရာဇဝင်ချုပ် ၇း၁၄။

## ဘုရားသခင်ရွေးချယ်ထားသော အစာရှောင်ခြင်း

ဟေရှာယ ၅၈း၁-၅တွင် အစာရှောင်ခြင်းသည် "ဘာသာရေးကျင့်စဉ်ဖြစ်လာသောကြောင့် ဘုရားသခင်သည် သူ၏လူများကို ပြစ်တင်ရှုတ်ချသည်။ အမှန်မှာ လူတို့သည် ဘုရားသခင်ကို အာရုံစိုက်ရမည့်နေ့တွင်ပင် အချင်းချင်းအလွဲသုံးစားလုပ်ခဲ့ကြသည်။

**မေးခွန်း၇က)** အစာရှောင်နေစဉ်အတွင်း ဘုရားသခင်သည် သူ၏လူများထံမှ အဘယ်အရာကို မျှော်လင့်ခဲ့သနည်း။ ဟေရှာယ ၅၈း၆-၁၀

**၇ခ)** ဘုရားသခင်ရွေးချယ်သောလမ်းဖြင့် အစာရှောင်သည့်အခါ မည်သို့ ဖြစ်လာမည်ဟု သူကတိပေးခဲ့သနည်း ။ ငယ် ၈-၁၀

## ယေရှုနှင့်အစာရှောင်ခြင်း

ယေရှုသည် မြေကြီးပေါ်တွင် ကြွလာသည့်အချိန်က အစာရှောင်ခြင်းသည် လူများစွာအတွက် ဘာသာရေး၊ အလေ့အကျင့်တစ်ခုဖြစ်လာခဲ့သည်။ ဗတ္တိဇံဆရာယောဟန်သည် ဖာရိရှဲများနှင့် ဇဒ္ဒုကဲများကို "နောင်တရထိုက်သော အသီးကိုသီး"ရန် စိန်ခေါ်ခဲ့သည်။ (မဿဲ ၃း၈)။ ယေရှုသည်လည်း ဤဘာသာရေးခေါင်းဆောင်များကို အစာရှောင်နေစဉ်အတွင်း အပြင်ပန်းဖော်ပြခြင်းအတွက် ပြစ်တင်ရှုတ်ချခဲ့သည်။ (မဿဲ ၆-၁၆) ။ အစာရှောင်ခြင်းသည် ဘုရားသခင်ထံတော်၌ အစာရှောင်ခြင်းဖြစ်သည်။ ဘုရားသခင်ကို ရှာဖွေခြင်းဖြစ်သည်ဟူသော အသိအမှတ်ပြုမှုကို လူတို့ထံ ပြန်ခေါ်ဆောင်လာခြင်းဖြင့် အစာရှောင်ခြင်း၏ အပြင်ပန်းသဏ္ဍာန်နှင့်ပတ်သက်သော ညွှန်ကြားချက်အသစ်များကို ပေးခဲ့ပြီးဖြစ်သောကြောင့် ရှင်လန်း မှုနှင့် မျှော်လင့်ရမည့်အချိန်ဖြစ်သည်။

**မေးခွန်း၈က)** မည်သို့လုပ်ဆောင်ရန် ယေရှုပြောခဲ့သနည်း။ မဿဲ ၆း၁၇

**၈ခ)** ဤကဲ့သို့သော အစာရှောင်ခြင်း၏ ရလဒ်သည် မည်သို့ဖြစ်မည်နည်း။ ငယ် ၁၈

ယေရှုသည် အစာရှောင်ခြင်းကို စည်းကမ်းတစ်ခုအဖြစ် အတည်ပြုခဲ့သည်။
ယေရှုက "သင်တို့သည် အစာရှောင်ခြင်းအကျင့်ကို ကျင့်သောအခါ" (မဿဲ ၆း၁၆ ၊ ၁၇)
ယေရှုသည် သူ၏အမှုတော်မြတ်ကို ရက်ပေါင်းလေးဆယ် အစာရှောင်ခြင်းဖြင့် အစပြုခဲ့သည်။ ဤအချိန်တွင် "ဝိညာဉ်တော်တန်ခိုးအားဖြင့်" (လုကာ ၄း၁၄) မာရ်နတ်၏ သွေးဆောင်ခြင်းကို အောင်နိုင်ခဲ့သည်။ ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့၏ ပြစ်တင်ဝေဖန်မှုကို ဖြေကြားရာတွင်- "ကိုယ်တော်ကလည်း ၊ မင်္ဂလာဆောင်လုလင်သည် မိမိအပေါင်းအဖော်တို့နှင့်အတူ ရှိစဉ်အခါ သူတို့ကို အစာရှောင်စေနိုင်သလော။ မင်္ဂလာဆောင်လုလင်ကို သူ၏အပေါင်းအဖော်တို့နှင့် ခွာ၍ ယူသွားသောအချိန်ကာလ ရောက်လိမ့်မည်။ ထိုကာလအခါ သူတို့သည်

အစာရှောင်ကြလိမ့်မည်။ (လုကာ ၅း၃၄၊ ၃၅)။ သူသည်အစာရှောင်ခြင်း၏ အကြောင်းရင်းကို ယူဆောင်လာခဲ့သည်။ ဘုရားသခင်၏ အတူပါရှိခြင်းကို ရှာဖွေခြင်း-ပြန်လည်ဦးတည်ခြင်း။

## ကနဦးအသင်းတော်၏ အသက်တာ၌ အစာရှောင်ခြင်း။

၁။ ပေါလုနှင့်ဗာနမတို့ကို သာသနာပြုခရီးစဉ်၌ စေလွှတ်ကြသည်။
သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက်များနှင့်ဆရာများကဲ့သို့ မိန့်တော်မူခဲ့သည်မှာ "သခင်ဘုရား ဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ်" (တမန် ၁၃း၂)။ တပည့်တော်များသည် ဆက်လက်အစာရှောင် ဆုတောင်းပြီးနောက် "ထိုသူတို့ ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏" (တမန် ၁၃း၃)။
၂။ အသင်းတော်သစ်များ တည်ထောင်သည်နှင့်အမျှ ၊ ပေါလုနှင့် ဗာနဗတို့သည် သင်းအုပ်များကို ခန့်အပ်၍ "အစာရှောင်လျက် ဆုတောင်းပဌာနပြုပြီးလျှင်" (တမန် ၁၄း၂၃)။
၃။ ၂ကော ၁၁း၂၇ တွင် ပေါလုသည် သူ၏အတွေ့အကြုံများထဲမှ အစာရှောင်ခြင်းအကြောင်း ပြောပြသည်။ သူသည် သင်္ဘောပေါ်တွင် အကျဉ်းသားတစ်ဦးဖြစ်နေသည့်အချိန်တွင် "အစာရှောင်ခြင်း" (အပြစ်ဖြေရာနေ့) ကို ရည်ညွှန်းပြောဆိုခဲ့သည်။

## ယနေ့အစာရှောင်ခြင်း

**မေးခွန်း(၉)** အစာရှောင်ခြင်း အစီအစဉ်ကို သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ရန်အတွက် အောက်ပါအချက် (၅)ချက်ကို မှတ်သားပါ။

၁။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်ကို ဦးဆောင်လမ်းပြပါသလား။ အစာရှောင်ရန် စိတ်ဆန္ဒရှိခြင်းသည် ဘုရားသခင်ပေးသောအရာ ဖြစ်ပါသလား။ လုကာ ၄း၁ တွင် "ယေရှုသည် ဝိညာဉ်တော်မှ တောသို့ပို့ဆောင်ခဲ့သည်"။
၂။ ဘုရားသခင်ကို ရှာရန်၊ ဘုရားသခင်ရှေ့မှောက်တွင် ကိုယ့်ကိုယ်ကို နှိမ့်ချရန် သို့မဟုတ် အခြားသူတို့ကို သနားညှာတာမှုနှင့် အထင်ကြီးရန် ကျွန်ုပ်၏ စိတ်သဘောထားဖြစ်ပါသလား။ မဿဲ ၆း၁၈ - "မထင်ရှားသောအရာကို မြင်တော်မူသော သင်တို့အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ္တံ့"
၃။ ဤအစာရှောင်ခြင်းအားဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာ အောင်မြင်ရန် မည်သည့်အရာကို ကျွန်ုပ်မျှော်လင့်သနည်း။ ဖိလိပ္ပိ ၃း၁၂ "အကြင်အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို ကိုင်ဖမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှါ ငါပြေး၍လိုက်သေး၏"။
၄။ ကျွန်ုပ်၏ ကိုယ်ပိုင်လိုအပ်ချက်များအတွက် သို့မဟုတ် အခြားသူများ၏ လိုအပ်ချက်များအတွက် ကျွန်တော်အာရုံစိုက်နေပါသလား။ ဟေရှာယ ၅၈း၁၀" မွတ်သိပ်သောသူနှင့် ဆင်းရဲခံရသောသူကို သနားသောစိတ်နှင့် ချမ်းသာပေးလျှင်၊ မရှင်းလင်းသောအရာမှာ သင်၏အလင်းသည် ပေါ်ထွန်း၍ သင်၏မှောင်မိုက်သည် မွန်းတည့်အလင်းကဲ့သို့ ဖြစ်လိမ့်မည်"။
၅။ အစာရှောင်နေစဉ်အတွင်း ကျွန်ုပ်၏အဓိကစိတ်ဆန္ဒမှာ ဘုရားသခင်အား အစေခံလိုပါသလား။ တမန် ၁၃း၂ ထိုသူတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာကိုရှောင်နေစဉ် မည့်သည်အရာကိုမျှော်လင့်ရမည်နည်း"

ပထမရက်အနည်းငယ်အတွင်း ဆာလောင်လာမည်။ အချို့သော အစားအသောက် အမျိုးအစားများကို စွဲစွဲလန်းလန်း ရှိနေသူများအတွက် ပြန်လည်ရုတ်သိမ်းလိုသောလက္ခဏာများရှိလိမ့်မည်။
ဥပမာ-ကော်ဖီနှင့်လက်ဖက်ရည်သည် စွဲလမ်းစေသောဓါတ်ရှိသည်။ လူတစ်ဦးသည် ရက်အနည်းငယ်ကြာအောင် ရှောင်သည့်အခါ ခေါင်းကိုက်ခြင်းဖြစ်နိုင်သည်။ မကြာခဏဆိုသလို အားနည်းခြင်းများ ဖြစ်တတ်သည်။

ရက်အနည်းငယ်ကြာပြီးနောက် ခန္ဓာကိုယ်က ထိန်းညှိပေးပြီး သို့ပြောင်ထားသည့် အဆီတွေအပေါ်မှာ အလုပ်လုပ်ပါသည်။ တစ်ခါတစ်ရံမှာ ခန္ဓာကိုယ်ကိုက်ခဲတတ်သည်။ အစာရှောင်နေစဉ်အတွင်း ခန္ဓာကိုယ်သည် အညစ်အကြေးများကို သန့်စင်စေသည်။ အချိန်တစ်ခုကြာပြီးနောက် ခန္ဓာကိုယ်သည် ထာဝရအစာရှောင်ခြင်းကဲ့သို့ ခံစားရသည်။ အစာရှောင်ခြင်းရပ်နားသည့်အချိန်တွင် ဆာလောင်မှုပြန်ဖြစ်လာလိမ့်မည်။

အစာရှောင်နေစဉ်အတွင်း အရည်စားသုံးမှုပမာဏကို တိုးမြှင့်ရန် အရေးကြီးသည်။ ရေသည် သန့်စင်ခြင်းလုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်ပြီး ၊ သစ်သီးဖျော်ရည်များသည် ကျွန်တော်တို့၏ခန္ဓာကိုယ်အတွင်းရှိ အစား အစာမညီမျှမှုကို ထိန်းညှိပေးသည်။

**သင်၏ အစာရှောင်ခြင်းကို မည်ကဲ့သို့ ရပ်တန့်ရမည်နည်း။**

ခန္ဓာကိုယ်သည် တာရှည်အစာရှောင်နေစဉ်အတွင်း ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်သောကြောင့် အစာရှောင်ခြင်းကို ဖြည်းဖြည်းချင်း ချိုးဖျက်ရန် လိုအပ်ပါသည်။ ခန္ဓာကိုယ်အတွင်း ဆာလောင်မှုနိုးကြားလာသည်နှင့်အမျှ ခန္ဓာကိုယ်သည် ပုံမှန်အစားအစာ ပမာဏကို ထိန်းသိမ်းနိုင်သည်အထိ အစာစားချင်စိတ်ကို ထိန်းထားရန် အရေးကြီးလှသည်။ အစာရှောင်နေစဉ်အတွင်း ဗိုက်သည် ကျုံ့သွားသည်။ အကောင်းဆုံးနည်းလမ်းမှာ သစ်သီးနှင့်ဟင်းသီးဟင်းရွက်ဖျော်ရည်များဖြင့် စတင်ပြီး ၊ အသီးအနှံနှင့်အသီးအရွက်များကို ဖြည်းဖြည်းချင်း လုပ်ဆောင်ပါ။ ခန္ဓာကိုယ်ပြန်လည်ကောင်းမွန်စေရန်အတွက် ကောင်းမွန်သော အစားအသောက်စီစဉ်ခြင်းကို ရည်ညွှန်းခြင်းသည် ပညာရှိဖြစ်သည်။

**နိဂုံး**

သတို့သားကို ခေါ်သွားသည့်အခါ အစာရှောင်ရန်လိုအပ်သည်ဟု ယေရှုပြောခဲ့သည်။ (လုကာ ၅း၃၅)။ အသင်းတော်သည် ကျွန်ုပ်တို့၏ သတို့သား ၊ ယေရှုခရစ်ကြွလာတော်မူခြင်းကို စောင့်မျှော်ခံလျက် ရှိပါသည်။ ပရောဖက်ယောလာက သခင်ဘုရားသည် မိမိလူတို့ထံ ပြန်လာစေခြင်းငှာ သုံးကြိမ်တိုင်တိုင် ခေါ်ဖိတ် ခဲ့သည်။ အစာရှောင်ခြင်းနှင့်တကွ ဘုရားသခင်ရှေ့တော်၌ ငိုကြွေးခြင်းဖြင့် ကျွန်ုပ်တို့၏ နာခံမှုကိုတုံ့ပြန်သော အားဖြင့် သူသည် သူ၏ဝိညာဉ်တော်ကို သွန်းလောင်းမည်ဟု ကတိပြုခဲ့သည်။ ယေရှုသည် အစာရှောင်ခြင်း ဖြင့် သူ၏အမှုတော်ကို အစပြုခဲ့သည်။ ကျွန်တော်တို့သည် “မိမိကိုယ်ကို နှိမ့်ချရန်” မည်မျှပင်လိုအပ်သနည်း။

**မေးခွန်း၁၀)** အထက်မှာရေးထားသည့်အတိုင်း အစာရှောင်ရခြင်း၏ အဆုံးစွန်အကြောင်းအရာသည် မည်သည့်အရာဖြစ်သနည်း။

## ဝိညာဉ်ဖြင့် ဆုတောင်းခြင်း

ယုဒ ၂၀-၂၁ "ချစ်သူတို့၊ သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဆုတောင်းပဌနာပြုလျက် ဘုရားသခင်ကို ချစ်ခြင်း မေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်၍၊ ထာဝရအသက်အလို့ငှါ ငါတို့သခင်ယေရှုခရစ်၏ ကရုဏာတော်ကို မျှော်လင့်၍ နေကြလော့"။

### "ဝိညာဉ်တော်အားဖြင့် ဆုတောင်းခြင်း" ဟူသည် အဘယ်နည်း။

ကျွန်ုပ်တို့၏ စိတ်ထဲတွင် ဆုတောင်းနေခြင်းဖြစ်ပါသလား။ သို့မဟုတ် ကျွန်ုပ်တို့၏ ဝိညာဉ်ဖြင့် ဆုတောင်းခြင်းဖြစ်ပါသလား။ ကွာခြားမှုရှိပါသလား။ သမ္မာကျမ်းစာတွင် ဤအရာနှင့်ပတ်သက်၍ ပြောစရာ များစွာရှိပြီး၊ နားလည်ရန် ခက်ခဲပုံပေါ်သည်။ ဘုရားသခင်သည် သူ၏အသင်းတော်၌ရှိသော ကျွန်ုပ်တို့၏ခေတ် တွင် လူ၏အလုပ်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ကို အလေးပေးလုပ်ဆောင်နေသည်မှာ သံသယ ဖြစ်စရာမရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်အကြောင်းကို သိကျွမ်းပြီး၊ ဤလောက၌ ကိုယ်တော်၏ အမှုတော်ကို တွေ့ကြုံခံစားရခြင်းအတွက် ကျွန်တော်တို့၏ အဓိကကျသော အချက်မှာ-

က။ လူ၏သုံးပွင့်ဆိုင် သဘောသဘာဝ

ခ။ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်နိုင်ရန် လူတစ်ဦး၏ပြန်လည်မွေးဖွားခြင်း

ဂ။ စိတ်နှင့်ဝိညာဉ်ကြား ခြားနားချက်အသိပညာတိုးပွားခြင်း

၁သက် ၅း၂၃ "ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင်မတော်မူပါစေသော"။ ဤကျမ်းပိုဒ်သည် လူတွင်အပိုင်းသုံးပိုင်းရှိကြောင်းကို ရှင်းလင်းစွာဖော်ပြထားသည်။ စိတ်နှင့်ဝိညာဉ်ကြားပိုင်းခြားမှုကို သိရှိခြင်း တွင် ရှုပ်ထွေးမှုများဖြစ်ပေါ်လာသည်။

**မေးခွန်း၁)** သင့်ကို အပိုင်းသုံးပိုင်းဖြင့် ဖန်ဆင်းထားကြောင်းကို သင်သဘောပေါက်ပါသလား။ လူ၏ ဖွဲ့စည်းပုံသုံးမျိုးကား အဘယ်နည်း။ (၁သက် ၅း၂၃)

### ခန္ဓာ

ကျွန်တော်တို့၏ ခန္ဓာကိုယ်အပါအဝင် ကျွန်ုပ်တို့၏ အပြည့်အဝရွေးနှုတ်ခြင်းအတွက် ဘုရားသခင် သည် စိတ်ဝင်စားကြောင်း သိရခြင်းမှာ အားတက်စရာဖြစ်သည်။ (ရောမ ၈း၂၃၊ ဖိလိပ္ပိ ၃း၂၁)။

**မေးခွန်း၂)** အထက်ကျမ်းပိုဒ်မှ သင့်ခန္ဓာကိုယ်အတွက် ဘုရားသခင်ရည်ရွယ်ထားသည့် ရည်ရွယ်ချက် မှာ အဘယ်နည်း။

### စိတ်နှင့်ဝိညာဉ်

ဟေဗြဲ ၄း၁၂ "ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြည့်ပြင်ခြင်း၊

သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့်စိတ်ဝိညာဉ်ကိုင်း၊ အရိုးအဆပ်နှင့် ခြင်ဆီကိုင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အားဖြင့် စိတ်၊ ဝိညာဉ်ကွဲပြားခြင်းကို ယူဆောင်လာသူဖြစ်သည်။ လူတစ်ဦးသည် ဝိညာဉ်အားဖြင့် တဖန်မမွေးဖွားမှီ (ယော ၃း၃၊ ၅)သူသည် "ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသာသူဖြစ်သည် (ဖေက် ၂း၁)။ ဘုရားသခင်သည် ဝိညာဉ်ဖြစ်၍ ၊ ကိုးကွယ်သောသူ အပေါင်းတို့သည် ဝိညာဉ်နှင့်သမ္မာတရားအားဖြင့် ကိုးကွယ်ရမည်" (ယော ၄း၂၄) ထိုအကြောင်းကြောင့် ကျွန်တော်တို့သည် ဝိညာဉ်တော်အားဖြင့် ဒုတိယအကြိမ် မွေးဖွားရမည် (ယော ၃း၃၊၅)။

**မေးခွန်း၃က)** သင်၏စိတ်နှင့်ဝိညာဉ်ကြားကို ပိုင်းခြားနိုင်သည့် စကြာဝဠာတစ်ခုလုံးမှာ တစ်ခုတည်းသော အရာက မည်သည့်အရာဖြစ်မည်နည်း။

**ခ)** ယော ၃း၅ နှင့် ၁ပေ ၁း၂၃အရ ကျွန်တော်တို့သည် မည်ကဲ့သို့ ဒုတိယအကြိမ် မွေးဖွားခြင်း ရရှိသနည်း။

## ဝိညာဉ်နှင့်စိတ်

"ချီးမြှောက်ခြင်း" ၏အဖွင့်အခန်းငယ်တွင် မာရိ၏ပရောဖက်ပြုချက်ဖြစ်သည့် လုကာ ၁း၄၆-၅၅ တွင် မာရိက "ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို ချီးမွမ်း၏။ ငါ့ကို ကယ်တင်တော်မူသောအရှင်ဘုရားသခင်ကို အမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏ ။ မာရိသည် ကျွန်ုပ်တို့အား စိတ်နှင့်ဝိညာဉ်တို့၏ လုပ်ဆောင်မှုတွင် ရှင်းလင်းသည့်ခြားနားချက်ကို ပရောဖက်ပြုထားသည်။ ကျွန်ုပ်၏ဝိညာဉ်သည် ဘုရားသခင်၏ အကြောင်းကို လေ့လာသင်ယူပြီး၊ ထိုအကြောင်းကြောင့် ကျွန်တော်သည် စိတ်၏အတွေ့အကြုံမှ နှုတ်ဖြင့် ဆိုင်နိုင်သော စကားလုံးများဖြင့် ဘုရားသခင်ကို ချီးမွမ်းကာ ချီးမြှောက်နိုင်သည်။

ကျွန်ုပ်၏ဝိညာဉ်သည် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ကို တွေ့ကြုံခံစားရပြီး ၊ ကျွန်ုပ်၏ဝိညာဉ်မှ ဝိညာဉ်တော်သို့ ခံစားခြင်းဖြစ်သည်။ ကျွန်ုပ်၏ အသက်တာအတွင်းပိုင်းမှ ပျော်ရွှင်ခြင်းကို တွေ့ကြုံခံစားရသည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ဝိညာဉ်ဖြင့်ဖြစ်သည်။ ကျွန်ုပ်၏ ဝိညာဉ်သည် ဝိညာဉ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုဖြင့် ဝိညာဉ်တော်ဘုရားထံ တုံ့ပြန်သည်။

**မေးခွန်း၄က)** မာရိသည် သူ၏စိတ်ဖြင့် မည်ကဲ့သို့ တုံ့ပြန်ခဲ့သည်ကိုရှင်းပြပါ။

**ခ)** မာရိသည် သူ၏ဝိညာဉ်ဖြင့် မည်ကဲ့သို့ တုံ့ပြန်ခဲ့သနည်း။

## စိတ်နှင့်ဝိညာဉ်

ဗတ္တိဇံဆရာယောဟန်၏ဖခင် ဇာခရိသည် ဤခြားနားချက်ကို အခြားနည်းဖြင့် ဖော်ပြခဲ့သည်။ ဇာခရိသည် ကောင်းကင်တမန်နှင့်တွေ့ဆုံသောအခါတွင် ၊ သူသည် သူ၏ဝိညာဉ်ဖြင့် တုံ့ပြန်ခြင်းမဟုတ်ဘဲ သဘာဝနယ်ပယ်တွင် စိတ်၏အတွေ့အကြုံ အရ တုံ့ပြန်ခဲ့ခြင်းကြောင့် ကောင်းကင်တမန်၏ စကားကို သူမယုံနိုင်ဖြစ်သွားခဲ့သည်။ (လုကာ ၁း၅-၂၂)။ အပိုဒ်ငယ် ၆၇ နောက်ပိုင်းတွင် သမ္မာကျမ်းစာကပြောသည်မှာ ဇာခရိသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝ၍ ၊ ပရောဖက်ပြု၍ ပြောခဲ့သည်မှာ------ ယခုအခါ သူ၏ ဆက်ဆံမှုမှာ အလွန်ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် မတူညီသော အရင်းမြစ်မှ ထွက်ပေါ်လာသောကြောင့်ဖြစ်သည်။ (အာရုံဘုံအကြောင်းတရား၏ အခြေခံဖြစ်သောအာရုံ) မှသာ စာရင်းမသွင်းနိုင်မှီနှင့် ယခုပင် သူ၏

အတွင်းဝိညာဉ်သို့ ဝိညာဉ်တော်က ဟောပြောနေပါသည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်နှင့် စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍" (၁ကော ၁း၁၃ခ) ။

## ဝိညာဉ်တော်၌ အသက်တာကြီးထွားခြင်း

ဝိညာဉ်အသက်တာသည် အသစ်ပြန်လည်မွေးဖွားခြင်းမှ အစပြုသည်ဟု သမ္မာကျမ်းစာက ရှင်းရှင်းလင်းလင်း ဖော်ပြထားသည် ။ မျိုးစေ့ကို စိုက်ပျိုးခဲ့သည် (၁ပေ ၁း၂၃)။ ထို့နောက် အတွင်းဝိညာဉ်အသက်တာကို ပြုစုပျိုးထောင်သည်နှင့်အမျှ ကြီးထွားလာသည်။ ဝိညာဉ်ရေးကြီးထွားမှုနှင့် ပတ်သက်ပြီး ပြောစရာများစွာရှိသော်လည်း ၊ ပေတရုက ကျွန်ုပ်တို့အား "နှုတ်ကပတ်တော်တည်းဟူသော နို့ကို တောင့်တပြီး" ဟေဗြဲ ၅း၁၂-၁၄ ဆီသို့ ၊ ယခုအချိန်တွင် အာရုံစိုက်ရန် လုံလောက်ပါသည်။ တမန်တော်က "မာသောအစားအစာ" ဘွဲ့ရရန် ကျွန်တော်တို့ကို တိုက်တွန်းထားသည်။ ဤဘွဲ့ရခြင်း၏ စမ်းသပ်မှုမှာ ခရစ်ယာန်အသက်တာ၏ "မူလတန်း ဥပဒေသ (အခြေခံသဘောတရား" ကို အခြားသူများအား သင်ပေးနိုင်စွမ်းရှိသည်။

လူတစ်ဦးသည် ဒုတိယအကြိမ်မွေးဖွားပြီး ဝိညာဉ်အသက်တာကို လိုက်လျှောက်သည်နှင့် တစ်ပြိုင်နက် စိတ်သည် သန့်ရှင်းသောဝိညာဉ်တော်မှ ကျွေးမွေး၍ လွှမ်းမိုးပြီး ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ဆိုင်ရာ အသိပညာတိုးပွားလာခြင်းဖြင့် ကြီးထွားလာသည်။ လူ၏ဝိညာဉ်သည် ယခုအခါ ဘုရားသခင်ထံတော်တွင် အသက်ရှင်နေပြီး ၊ ဝိညာဉ်သည် မျိုးစေ့မှ ရင့်ကျက်သော ဝိညာဉ်ပိုင်းဆိုင်ရာ ကြွယ်ဝသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်။ ဝိညာဉ်အားဖြင့် ဆုတောင်းခြင်းသည် ဘုရားသခင်၏ အလိုတော်နှင့်ဆိုင်သော သိကျွမ်းခြင်းမှ ဆုတောင်းခြင်းပင်ဖြစ်သည်။

၄င်သည် ဝိညာဉ်တော်၏ အမှန်တရားအားဖြင့် အမြန်ဆုတောင်းခြင်းဖြစ်သည်။ ရောမ ၈း၁၄ တွင် "ဘုရားသခင်၏ ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏"

ယော ၁၅မှ သင်ခန်းစာများကို မှတ်ထားပါက ယေရှုတည်းဟူသော "နှုတ်ကပတ်တော်" သည် ကျွန်တော်တို့၏အထဲတွင် တည်၍ ၊ ထိုနှုတ်ကပတ်တော်သည် ကျွန်တော်တို့၏ ဆုတောင်းချက်အခြေဖြစ်သည်။ ဤတည်နေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်မြတ်ဖြစ်သည် (၁ယော ၂း၂၇)။

ဝိညာဉ်တော်၌ ဆုတောင်းခြင်းသည် ဝိညာဉ်တော်ဦးဆောင်သည့် ဆုတောင်းခြင်းဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာများကို ရှာဖွေပြီး သန့်ရှင်းသူများထံ ပြသသည်။ (၁ကော ၂း၁၀-၁၆) ။ ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ကို သိကြပြီး (ဒုတိယအကြိမ် မွေးဖွားခြင်း)၊ ဘုရားသခင်အား စစ်မှန်သော အသိပညာနှင့် နားလည်သဘောပေါက်ခြင်းကို ကျွန်ုပ်တို့အား ပေးသနားတော်မူသည်။ ထို့ကြောင့် ပေါလုသည် ဖေက် ၁း၁၇-၁၉တွင် ကျွန်ုပ်တို့အတွက် ဆုတောင်းခဲ့သည်မှာ "ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။" ဘုရားသခင်သည် ကျွန်တော်တို့အား "ပညာကို၄င်း ၊ ထိုးထွင်းသောဉာဏ်ကို၄င်း၊ သင်တို့အား ပေးမည်အကြောင်း" ပေါလုဆုတောင်းခဲ့သည်။ ကျွန်တော်တို့သည် လူ့စိတ်အားဖြင့် ဘုရားသခင်ကိုသိသည် သို့မဟုတ် သိနားလည်သည်မဟုတ်သို့သော် "ဘုရားသခင်ထံမှ လာသော" ဝိညာဉ်တော်အားဖြင့် သိနားလည်နိုင်သည်။ (၁ကော ၁၄း၂)

ထို့ကြောင့် ဝိညာဉ်တော်၌ ဆုတောင်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်မှ ဆင်းသက်သော ဆုတောင်းခြင်းဖြစ်သည်။ ဗျာဒိတ်တော်နှင့်နားလည်သဘောပေါက်မှု ၊ လမ်းပြမှု ၊ လှုံ့ဆော်မှုပေးသော ဆုတောင်းချက်တို့ကို ပေးတော်မူသည်။

**မေးခွန်း၅)** ဝိညာဉ်တော်၌ ဆုတောင်းခြင်းဆိုသည်မှာ မည်ကဲ့သို့ ဆိုလိုခြင်းဖြစ်သနည်း။

## အခြားသောဘာသာစကားဆုကျေးဇူး

အခြားသောဘာသာစကားဆုကျေးဇူးအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အနန္တတန်ခိုးရှင်ဘုရားသခင်ထံတိုက်ရိုက်ပြောသော (ဆုတောင်း) ဝိညာဉ်ဘာသာစကားကို ဝိညာဉ်တော်မှပေးသည်။ (၁ကော ၁၄း၂)။ ဤလက်ဆောင်သည် ဝိညာဉ်တော်၏ ဘာသာစကားဖြင့် ဆုတောင်းနိုင်ပြီး ၊ တစ်ဦးတစ်ယောက်၏ဝိညာဉ်ရေးရာ အသက်တာကိုတည်ဆောက်စေကာ ၊ လူတစ်ဦးတစ်ယောက်ကို ဝိညာဉ်တော်၏ စိတ်သဘောထားတိုက်ရိုက်ရှိနိုင်ရန် တန်ခိုးဖြင့်တန်ဆာဆင်ပေးခြင်းဖြင့် ဝိညာဉ်တော်၌ ဆုတောင်းခြင်းအတွက် များစွာအထောက်အကူဖြစ်စေသည်။ (၁ကော ၂း၁၆က)။

ပေါလုသည် ၁ကော ၁၄း၁၃-၁၉တွင်ရှင်းပြထားသည့်အတိုင်း ကျွန်ုပ်တို့၏ ဝိညာဉ်အားဖြင့် ထိရောက်စွာဆုတောင်း ၊ သီဆိုချီးမွမ်းနိုင်သည်။ သို့သော် ကျွန်တော်တို့၏ စိတ်ထဲသို့နားလည်သဘောပေါက်မှုဝင်လာသောအခါ ကျွန်တော်တို့သည် နားလည်သဘောပေါက်ခြင်းနှင့် ကျွန်တော်တို့၏ဝိညာဉ်အားဖြင့် ဆုတောင်းနိုင်သည်။

**မေးခွန်း၆)** အခြားသောဘာသာစကားဖြင့် ကျွန်တော်တို့ဆုတောင်းသောအခါ ကျွန်တော်တို့သည် မည်သူ့ကို စကားပြော၍ မည်သည့်အရာကပြောဆိုသနည်း။ (၁ကော ၁၄း၂)

## သင့်ကိုသင် တည်ဆောက်နေခြင်းဖြစ်သည်

“သင်တို့သည် မိမိတို့ အလွန်သန့်ရှင်း ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်” (ယုဒ ၂၀)။ “အခြားသော ဘာသာစကားအားဖြင့် ပြောသောသူသည် ကိုယ်ကိုသာ တည်ဆောက်၏” (၁ကော ၁၄း၄)။ မြှင့်တင်ပေးခြင်းဆိုသည်မှာ တည်ဆောက်ခြင်းကို ဆိုလိုသည်။ ပေါလုသည် ကျွန်တော်တို့ အားလုံးထက် အခြားသော ဘာသာစကားဖြင့် ပြောသောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်သော်လည်း၊ အသင်းတော်ထဲတွင် မဟုတ်ဘဲ သီးသန့်ဖြင့် ဆုတောင်းသည် (ငယ် ၁၈-၁၉။) ကျွန်တော်သည် အခြားသော ဘာသာစကားဖြင့် ဆုတောင်းသောအခါ ဘုရားသခင်သည် ကျွန်ုပ်ကို သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဗတ္တိဇံပေးသည့်အခါ လက်ဆောင်ဘာသာစကား သို့မဟုတ် ပေးထားသော ဘာသာစကားအားဖြင့် ကျွန်ုပ်ဝိညာဉ်ဖြင့် ဆုတောင်းသည်။ ကျွန်တော်သည် ဝိညာဉ်၌ ဆုတောင်းသည်။ ကျွန်တော်သည် အများအားဖြင့် ခန္ဓာကိုယ် (အသင်းအဖွဲ့) ကို ပြောဆိုခြင်းမဟုတ်ဘဲ ဘုရားသခင်အား ပြော၍၊ ဘုရားသခင်သာ နားလည်နိုင်သော နက်နဲသော အရာများကို ပြောဆိုခြင်းဖြစ်သည်။ အပိုဒ်ငယ် ၂၈တွင် ပေါလုက၊ ကိုယ့်ကိုကိုယ် ပြောဆို၍ ကျွန်ုပ်၏ နှုတ်လျှာအားဖြင့် ဘုရားသခင်ထံ ပြောဆိုသည်။

**မေးခွန်း၇)** ကျွန်တော်တို့သည် အခြားသောဘာသာစကားဖြင့် ဆုတောင်းလျှင် ကျွန်တော်တို့သည် မည်သို့ဖြစ်သနည်း။

## ဝိညာဉ်ဖြင့် စကားပြောခြင်း

တမန် ၄း၈တွင် ပေတရုက ဖြစ်ပျက်ခဲ့သော အံ့ဩဖွယ်အမှုအား ကာကွယ်ပြောဆိုသည်။ သူသည် “သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်လျက်” တမန် ၄း၂၄-၃၁ တွင် ယုံကြည်သူတို့သည် အတူတကွ ဆုတောင်းသောအခါ ၊ သူတို့သည် ဝိညာဉ်တော်ဖြင့် ဆုတောင်းကြသည်မှာ ထင်ရှားသည်။ ရလဒ်အနေဖြင့် သူတို့သည်

သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝနေသည်။ ဝိညာဉ်တော်၌ဆုတောင်းခြင်းမှာ အခြားသော ဘာသာစကား ဖြင့် ဆုတောင်းခြင်းအတွက် အကန့်အသတ်မရှိသော်လည်း ဝိညာဉ်တော် ညွှန်ကြားသည့် ဆုတောင်းချက် များပါဝင်သော်။ တစ်ချိန်တည်းမှာပင် ၊ ကျွန်တော်တို့သည် မည်သည့်ဆုတောင်းချက်ကို မဆို ရည်ညွှန်းရန် ဝိညာဉ်တော်၌ (ပုံမှန်ဆုတောင်းခြင်း) မပြုပါနှင့်။ မကြာခဏဆိုသလို ကျွန်တော်တို့သည် ကျွန်ုပ်တို့၏ ဉာဏ်၊ ကျွန်ုပ်တို့၏ စိတ်ထဲမှသာလျှင် ဆုတောင်းရန်ရှိတတ်သည်။

ဝိညာဉ်တော်၌ အုပ်စုလိုက် ဆုတောင်းခြင်းအတွက် စည်းမျဉ်းတစ်ခု

ကျွန်တော်တို့သည် သမ္မာကျမ်းစာဖြင့် ဆုတောင်းခြင်းနှင့် သမ္မာကျမ်းစာတွင် ဖော်ပြထားသော ဘုရားသခင်၏ အလိုတော်ဖြင့် ဆုတောင်းခြင်းအကြောင်းကို မျှဝေထားပြီးဖြစ်သည်။ ဝိညာဉ်တော်၌ ဆုပေါင်းဆုတောင်းခြင်း တွင် ထိထိရောက်ရောက် အသုံးချနိုင်သော ကျမ်းချက်များရှိသည်။ ၁ကော ၁၄း၂၉တွင် ပေါလုက၊ “ပရောဖက် နှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ၊ ဟောပြော၍ အခြားသော သူတို့သည် စစ်ကြောဆင်ခြင်ကြစေ”။ ထို့ကြောင့် တူညီသော ဆုတောင်းချက်တွင် အကြောင်းအရာတစ်ခုအတွက် နှစ်ဦး သို့မဟုတ် သုံးဦးတို့သည် သဘောတူညီစွာဖြင့် ဆုတောင်းပါစေ။ ဝိညာဉ်တော်၏ စိတ်သဘောကို ဖော်ပြခြင်းဖြစ်၍ အခြားသူတို့က တရားစီရင်နိုင်သည်။ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြသည့် အတိုင်း မတူညီသော အကြောင်းအရာတစ်ခုသို့ ရွှေးနိုင်သည်။တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် လျှင်မြန်စွာ လှုပ်ရှားနိုင်၍ အခြားသောအချိန်များတွင်မူ ကျွန်တော်တို့သည် စောင့်ဆိုင်းရန် လိုအပ်သည်၊ နားထောင်ရန်လိုအပ်ပြီး၊ ဝိညာဉ်တော်အားဖြင့် ဆုတောင်းချက်ကို ဖြည့်ဆည်းရန် လိုအပ်သည်။

ပညာရှိသော အပျိုကညာငါးဦး မဿဲ ၂၅း၁-၁၃

အပျိုကညာဆယ်ဦး၏ ပုံဥပမာသည် ယေရှုပြန်လည်ကြွလာချိန် နီးလာသောအခါ ဆီမရှိသောသူမဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝရန်လိုအပ်ကြောင်း ရှင်းလင်းပြတ်သားသော သွန်သင်ချက်ဖြစ်သည် (ငယ်၄)။ ဆီသည် သန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်သည်။ ဒုတိယအကြိမ်ကြွလာရန် နီးကပ်လာသည့် အတွက် ဆီအများကြီးရှိရန် လိုအပ်သည်။ ကျွန်တော်တို့သည် ယေရှုခရစ်၏ ကရုဏာတော်ကို စောင့်မျှော်လျက် သန့်ရှင်းသော ဝိညာဉ်တော်၌ ဆုတောင်းကြပါစို့၊ အဆက်မပြတ်ဆုတောင်းရန် ကျွန်ုပ်တို့အား မိန့်ကြားထားသည် (၁သက် ၅း၁၇)။

သင်၏စိတ်သည် အခြားနေ့စဉ် (လိုအပ်သော) လုပ်ဆောင်မှုအချို့တွင် ပါဝင်နေချိန်၌ပင် သင့်နှုတ်လျှာပါးစပ် ဖြင့် အချိန်မရွေး ဆုတောင်းနိုင်သည်။ ကျွန်တော်တို့သည် အခြားသော ဘာသာစကားဖြင့် တိတ်ဆိတ်စွာ ဆုတောင်းနိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်ပေးထားသော ဆုတောင်းခြင်းဘာသာစကားအားဖြင့် ဝိညာဉ်ဖြင့်ဆုတောင်းနိုင်သည်။

ကျွန်တော်တို့၏ ဆုတောင်းခြင်း အသက်တာသည် ပိုမိုနက်ရှိုင်းလာပြီး၊ ဝိညာဉ်တော်၌ အသက်တာသည် ကျွန်တော်တို့၏ နေ့စဉ် အတွေ့အကြုံများ ပို၍ပို၍ တိုးလာသည် ကျွန်တော်တို့၏ အသိစိတ်သည် လက်ထဲတွင် ရှိသော အလုပ်တစ်ခုကို အာရုံစိုက်နေသည့်အခါတွင် ကျွန်တော်တို့၏ ဝိညာဉ်သည် ဘုရားသခင်ထံ ဆုတောင်းကာ၊ ကျွန်တော်တို့၏ ဝိညာဉ်တော်ဖြင့် ဆုတောင်းခြင်းကို သတိပြုမိနိုင်သည်။

**မေးခွန်း၈)** သခင်ကြွလာခြင်းအတွက် ကျွန်တော်တို့သည် မည်သို့ပြင်ဆင်ပြီး၊ အသင့်ရှိနိုင်မည်နည်း။

*************